# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကိုရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၁၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၁၄) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၁၄) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၁၀

(၁၄) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ (၁၄) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁*

**ယနေ့ ဖတ်စရာ**


## တောင်ကိုရီးယားနိုင်ငံ၏ ၂၀ ဦးမြောက် သမ္မတအဖြစ် ယွန်ဆုခ်ယော် ကျမ်းသစ္စာကျိန်ဆို

နိုင်ငံတကာသတင်း | စာ - ၁၃

## မေလ ၁၂ ရက် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့အား ဂုဏ်ပြုပါသည်

ဂုဏ်ပြုဆောင်းပါး | စာ - ၁၆

## အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း တဖြည်းဖြည်း အားလျော့သွားနိုင်



နေပြည်တော် မေ ၁၀

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ" အခြေအနေ

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ" သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ

*စာမျက်နှာ ၁၈ ကော်လံ ၁*

# ငြိမ်းချမ်းရေးကို လိုလားစွာဖြင့် ညှိနှိုင်းဆွေးနွေးဖြေရှင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖိတ်ခေါ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ NCA လက်မှတ်ရေးထိုးပြီးသည့် အဖွဲ့ခုနစ်ဖွဲ့နှင့် NCA လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့သုံးဖွဲ့တို့ တက်ရောက်ကြမည်ဟု သိရသည်။ လက်ရှိနိုင်ငံတော်အစိုးရ အနေဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားရန် ရှေ့လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်ထားပြီးဖြစ်သည်။

မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများမှာ အခြားနိုင်ငံများနှင့် မတူညီဘဲ လူမျိုးစုအရေးများပေါ်တွင် အခြေခံကာ မတူညီသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအဖြစ် ရပ်တည်နေကြခြင်းဖြစ်သည်။ ခေတ်အဆက်ဆက်တွင် ဖိတ်ခေါ်ဆွေးနွေးခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ အတွေ့အကြုံများအရ လက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ ခံစားချက်များ၊ အတွေးအခေါ်များ မတူညီကြသကဲ့သို့ အဖွဲ့အစည်းတစ်ခုတည်းအတွင်းမှာလည်း ကွဲလွဲမှုများ ရှိနေသည့်အလျောက် နိုင်ငံတော်အစိုးရနှင့် EAOs အဖွဲ့အစည်းများအားလုံး စားပွဲတစ်ဝိုင်းတည်း၌ တစ်ပြိုင်တည်းဆွေးနွေးရန်မှာ မဖြစ်နိုင်ဘဲ မည်သည့်ရလဒ်မှ ထွက်ပေါ်မလာသော မအောင်မြင်သည့် ဆွေးနွေးပွဲတစ်ခုသာ ဖြစ်သွားမည်မှာ အလွန်သေချာသည်။

ယခုဖိတ်ခေါ်ထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ လက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်၊ ၎င်း၏ တိုင်ပင်ဖော်တိုင်ပင်ဖက် အဖွဲ့ဝင်နှစ်ယောက်တို့နှင့် လက်ရှိနိုင်ငံတော်အကြီးအကဲတို့ တစ်ဖွဲ့ချင်းစီ ဆွေးနွေးမည့်ပုံစံဖြစ်သည်။ မိမိတို့၏ လူမျိုးရေး၊ မိမိတို့၏ ဒေသအရေးကို အာရုံစူးစိုက်ကာ အကျေအလည် ဆွေးနွေးနိုင်မည့်အခြေအနေ အခွင့်အရေးမျိုး ပေးထားခြင်းဖြစ်သည်။ “ပထမဆုံး ကျွန်တော် စတွေ့မယ်။ တွေ့ပြီးလို့ရှိရင် ကျွန်တော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ၃ ယောက်နဲ့ ဖွဲ့စည်းထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တွေနဲ့ တစ်ဖွဲ့ချင်းဆွေးနွေးမယ်။ တစ်ဖွဲ့ချင်းဆွေးနွေးပြီး အဲဒီအပေါ်မှာ ရအောင် ကျွန်တော်တို့ ရှင်းလင်းပြောမှာပေါ့။ သူတို့လိုချင်တာကိုလည်း ကျွန်တော်တို့ တတ်နိုင်သလောက် ညှိနှိုင်းဆောင်ရွက်မှာပါ။ ဒါကတော့ တစ်ဖက်တည်းကနေပြီးတော့ တင်းနေလို့မရပါဘူး။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ညှိနှိုင်းဖြေရှင်းရမှာပါ ”ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားထားသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် စာရင်းပေးထားသည့် အဖွဲ့ ၁၀ ဖွဲ့မှာ DKBA၊ KNU-KNLA / PC၊ PNLO၊ NMSP၊ ALP၊ RCSS (SSA)၊ LDU၊ UWSA၊ NDAA၊ SSPP (SSA) အဖွဲ့တို့ ဖြစ်ကြပြီး စောင့်ကြည့်လိုသည့်အဖွဲ့နှင့် မတက်ရောက်ကြောင်း ကြေညာချက်ထုတ်သည့် အဖွဲ့များလည်း ရှိနေကြသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးမှာ တစ်ပြိုင်တည်း၊ တစ်ဖွဲ့တည်းနှင့် မပြီးနိုင်ဘဲ ရသမျှ တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ ဒေသတစ်ခုပြီးတစ်ခု ဖော်ဆောင်သွားကြရမည့်အခြေအနေမျိုးသာဖြစ်ရာ အမှန်တကယ် ငြိမ်းချမ်းရေးကို လိုလားစွာ၊ ရိုးသားစွာဖြင့် ပြည်သူလူထုအပေါ် အလေးအနက် စေတနာထား၊ အမှန်တကယ် အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ ရာဟုခံတွင်းမှ လွတ်သည့်လမင်းနှယ် ထွန်းလင်းဝင်းပနိုင်မည်ဖြစ်ပါကြောင်း။ ။

# ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ကျင်းပ

**နေပြည်တော် မေ ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၂၂ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ (စတုတ္ထနေ့)အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) စတုတ္ထနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၀၅၃၇ ပါး အနက် ၃၈၄၂၇ ပါး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၀၄ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ဦးစိုးထွန်းနိုင် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“လူငယ်များရဲ့ ပညာသင်ကြားရေးကို ခြိမ်းခြောက်နေသော အနာဂတ်ကို အညွန့်ချိုးနေတဲ့ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် မေ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာအုပ်စု၊ နန့်စလော်ကျေးရွာရှိ ဒက္ခိဏဝန်မန် (တောင်ကျောင်း) ဘုန်းတော်ကြီးကျောင်းတိုက်အား အကြမ်းဖက်အဖွဲ့များက ဒရုန်းယာဉ်ဖြင့် ပစ်ချဖောက်ခွဲခဲ့သည့်ဖြစ်စဉ်”** နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း သုံးတန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

# အခြေခံပညာမူလတန်းအဆင့် Grade-5 (သင်ရိုးသစ်)မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ မူလတန်းအဆင့် Grade-5 (သင်ရိုးသစ်) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ နေပြည်တော် ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်မှ ပညာရေးအကြီးအကဲများ၊ ကျောင်းအုပ်ကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဦးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းစည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းပြောကြားသည်။ အဆိုပါအခြေခံပညာမူလတန်းအဆင့် Grade-5 (သင်ရိုးသစ်)မြို့နယ်အဆင့် ဆင့်ပွားသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၂၁၆ ဦး တက်ရောက်ကြပြီး နည်းပြအဆင့် ဆရာ၊ ဆရာမ ၁၈ ဦးတို့က မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ သိပ္ပံ၊ လူမှု(ပထဝီ၊ သမိုင်း)နှင့် စာရိတ္တ/ကာယ ဘာသာရပ်တို့အား မေ ၁၀ ရက်မှ ၁၃ ရက်အထိ လေးရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ (၁၄) ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားအတွက် ကြိုတင်စီမံထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

❍ *ရွှေဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

### (၁၄) ကြိမ် ရှိခဲ့ပြီးဖြစ်

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် အမှာစကားပြောကြားရာတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း မဟာဗောဓိပင်တော် အမှတ် (၁) နှင့် အမှတ် (၂) တို့တွင် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲ ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၁၄) ကြိမ် ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် အခမ်းအနားများကို နေပြည်တော်ကောင်စီနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့တို့က ဦးစီးကျင်းပခဲ့ပြီး ပြီးခဲ့သည့် (၁၃) ကြိမ်မြောက်မှစ၍ နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်လာခဲ့ရာ (၂) နှစ်ရှိပြီဖြစ်ကြောင်း။

### တူညီသောအကျိုးတရားများကို ဖြစ်ထွန်း

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့တွင် အတူတကွ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော် ခုနစ်ပါးထဲမှ တစ်ပါးဖြစ်သကဲ့သို့ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန်ကိုလည်း များစွာအထောက်အကူပြုခဲ့သည့်အတွက် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်းဖြစ်ပါကြောင်း၊ မြေခတ်မှာရေပြတ်သည့် ကဆုန်လကဲ့သို့သော နွေကာလတွင် မဟာဗောဓိပင်တော်များကို ကဆုန်ညောင်ရေ သွန်းလောင်းခြင်းသည် မဟာဗောဓိပင်များကို စိမ်းလန်းစိုပြည်၍ အခက်အလက်တို့ ဝေဆာစေခြင်း၊ သက်တမ်းရှည်စေခြင်း၊ သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာရောက်ခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသော နိုင်ငံတော်ကြီးအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ နိုင်ငံသားများအားလုံးကိုလည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် တူညီသောအကျိုးတရားများကို ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။

ထို့ပြင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပမည့် ကဆုန်လပြည့်နေ့သည် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ‘နိယတဗျာဒိတ်ပန်း’ ဆင်မြန်းခဲ့သောနေ့၊ သိဒ္ဓတ္ထမင်းသား ‘ဖွားမြင်’ ခဲ့သည့်နေ့၊ မြတ်စွာဘုရားရှင် ‘ဗောဓိ’ ဆိုသည့် သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည့်နေ့နှင့် ‘ပရိနိဗ္ဗာန်ဝင်စံ’ တော်မူခဲ့သည့်နေ့များသည် ကဆုန်လပြည့်နေ့ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာသမိုင်းတွင် အလွန်ပင်ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကျင်းပခဲ့သည့် “အထွေထွေညီလာခံကြီး” က “ကဆုန်လပြည့်ဗုဒ္ဓနေ့” ကို နိုင်ငံတကာဝိသာခါ အခါတော်နေ့ (International Vesak day or Visākha day) ဟု ဆုံးဖြတ်ချက်အမှတ် ၅၄/၁၁၅ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း။

### လုပ်ငန်းတာဝန်များ ပေးအပ်

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနား ကျင်းပသွားမည်ဖြစ်ရာ အဆိုပါအခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် (၁၄) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းမိန့်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက ဧပြီ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် ၆၉/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်သကဲ့သို့ လုပ်ငန်းကော်မတီဖြစ်သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်လည်း လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဧပြီ ၂၅ ရက်တွင် ဆပ်ကော်မတီ ၈ ခု ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

အခမ်းအနား ကျင်းပမည့် နေ့ရက်မတိုင်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်နိုင်ရေးအတွက် ဧပြီ ၂၈ ရက်က လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီးဖြစ်သည့်အတွက် ဆပ်ကော်မတီများအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် ကဏ္ဍအလိုက် အတော်အသင့် ဆောင်ရွက်ပြီး ဖြစ်လိမ့်မည်ဟု ယူဆပါကြောင်း။

### စနစ်တကျစီမံပြင်ဆင်ဆောင်ရွက်

ယခုကျင်းပမည့် မဟာမင်္ဂလာအခမ်းအနားကို နှစ်ပိုင်းခွဲပြီး ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမပိုင်းအခမ်းအနားဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မှုဆည်းပူးခြင်း အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်ကြီး၏ လိုဏ်ဂူတော်အတွင်းဖြစ်ပြီး ဒုတိယပိုင်း အခမ်းအနားကို စေတီတော်ကြီး၏ ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်များ တည်ရှိရာ ရင်ပြင်တော်တွင် ကျင်းပမည်ဖြစ်ပါကြောင်း၊ ကျင်းပမည့်အချိန်ကာလ တစ်ဆက်တစ်စပ်တည်း ဖြစ်နေသော်လည်း လုံခြုံရေးနှင့်စပ်လျဉ်း၍ အားလုံးလွှမ်းခြုံနိုင်အောင် စနစ်တကျ စီမံပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

### အထူးအလေးထားဆောင်ရွက်

အခမ်းအနား ပထမပိုင်းကို တာဝန်ယူဆောင်ရွက်မည့် ဆပ်ကော်မတီအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့်အပိုင်းကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ဒုတိယပိုင်းအခမ်းအနားဖြစ်သည့် (၁၄) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင်လည်း သီးခြားဆောင်ရွက်ရမည့် အပိုင်းများအလိုက် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နှစ်ပိုင်းစလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် တားဆီးရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအစမှ လုပ်ငန်းအဆုံးအထိ လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေး ကျိုးပေါက်မှုမရှိစေရန် အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကဆုန်ညောင်ရေ သွန်းလောင်းခြင်းကို ယဉ်ကျေးမှုဓလေ့ထုံတမ်း အစဉ်အလာအရဖြစ်စေ၊ ဘာသာတရား၏ အဆုံးအမအရဖြစ်စေ ရှုမြင်မည်ဆိုပါက ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်းဖြစ်ကြောင်း။

### ဝိုင်းဝန်းပူးပေါင်း

နှစ်စဉ်ဆောင်ရွက်နေကျလုပ်ငန်းနှင့် အခမ်းအနားဖြစ်သော်လည်း အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်လစ်ဟင်းမှုမရှိစေဘဲ ဆပ်ကော်မတီများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက (၁၄) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအေးထွန်း က ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနား အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ဆည်းပူးခြင်းမဟာမင်္ဂလာ အခမ်းအနားနှင့် အခမ်းအနားကျင်းပရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ မဏ္ဍပ်များ ဆောက်လုပ်ရေးနှင့် အခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**“ကဆုန်ညောင်ရေ သွန်းလောင်းခြင်းကို ယဉ်ကျေးမှုဓလေ့ထုံတမ်း အစဉ်အလာအရဖြစ်စေ၊ ဘာသာတရား၏ အဆုံးအမအရဖြစ်စေ ရှုမြင်မည်ဆိုပါက ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်းဖြစ်”**

# ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအရာရှိ စွမ်းရည်မြှင့်သင်တန်း (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**၂၂ ကြိမ် ဖွင့်လှစ်**

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း က အမှာစကား ပြောကြားရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် တစ်နှစ်တာနှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် သင်တန်းပေါင်း ၂၂ ကြိမ် ဖွင့်လှစ်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအရာရှိ စွမ်းရည်မြှင့် သင်တန်း (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ပို့ချပေးနိုင်ခဲ့ကြောင်း။

**ပြန်လည်မျှဝေပေးရမည်**

ဌာန၏ လုပ်ငန်းများကို အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် ဦးတည်၍ သင်တန်းများကို နှစ်စဉ် ဖွင့်လှစ်ပေးလျက် ရှိကြောင်း၊ ယခုသင်တန်းတွင် သင်ကြားခဲ့ရသည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းတွင် အသုံးချနိုင်သည်အထိ သင်ယူပြီး မိမိဝန်ထမ်းများကိုလည်း ပြန်လည်မျှဝေပေးရမည် ဖြစ်ကြောင်း။

**ကြိုးစားဆောင်ရွက်**

အရာရှိ စွမ်းရည်မြှင့်သင်တန်းတွင် သင်ကြားပေးသည့် ဘာသာရပ်များသာမက ပိုမိုသစ်လွင်ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း အမြဲလေ့လာသင်ယူ၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာန၏ ရည်မှန်းချက် တာဝန်များကို ပေါက်မြောက်အောင်မြင်စေရန် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အရာရှိစွမ်းရည်မြှင့်သင်တန်းသို့ တက်ရောက်သည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အရာရှိစွမ်းရည်မြှင့်သင်တန်း (၁/၂၀၂၂) ကို နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လက်ထောက် ညွှန်ကြားရေးမှူး ၃၄ ဦး တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်များကို ပုံမှန်ပညာသင်နှစ်အတိုင်း ဖွင့်လှစ်မည်

နေပြည်တော် မေ ၁၀

**ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များကို မေ ၁၂ ရက်မှ ဩဂုတ် ၃၁ ရက်အထိ (စနေ၊ တနင်္ဂနွေ မပါ) စာသင်ရက်ပေါင်း ၈၀ ဖြင့် ပုံမှန်ပညာသင်နှစ်ဝက်ကာလအတိုင်း ပြန်လည်ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသော ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။** (ယာပုံ)

**ဝိုင်းဝန်းပံ့ပိုးပေးကြ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မေ ၁၂ ရက်မှစတင်၍ တက္ကသိုလ် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့လုံခြုံစွာ ကျောင်းတက်နိုင်ရေးအတွက် ပံ့ပိုးစောင့်ရှောက်ပေးကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဥပဓိရုပ် ကောင်းမွန်ရေး၊ စာသင်ခန်းများ သန့်ရှင်းသပ်ရပ်ရေး၊ ရေ၊ မီး၊ အင်တာနက် ဝိုင်ဖိုင် ပြည့်စုံရေး၊ စားသောက်ရေး၊ အဆောင်နေထိုင်ရေး၊ သွားလာရေး၊ ကျန်းမာရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များ စတင်ဖွင့်လှစ်သည့် မေ ၁၂ ရက်မှစတင်၍ စာသင်ကြားကြရမည် ဖြစ်ပါကြောင်း၊ သင်ကြား၊ သင်ယူမှု အဆင်ပြေချောမွေ့စေရေးအတွက် ပါမောက္ခချုပ်များကိုယ်တိုင် ဒုတိယပါမောက္ခချုပ်များနှင့်အတူ စာသင်ခန်းများကို နေ့စဉ်လှည့်လည်ကြည့်ရှု ပံ့ပိုးပေးရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲများကို ကျင်းပပေးကြရမည်ဖြစ်ပါကြောင်း၊ မေ ၂၆ ရက်မှစတင်သော အခြေခံပညာကျောင်းအပ်နှံရေး သီတင်းပတ်တွင်လည်း ပါမောက္ခချုပ်များက ဝိုင်းဝန်းပံ့ပိုးပေးကြစေလိုပါကြောင်း ပြောကြားသည်။




**ရှင်းလင်းဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းနှင့် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က ပညာသင်နှစ် အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် မေ ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦး က တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြား၍ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်




ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့်သုတ၊ရသ စာအုပ်စာစောင်များ ပေးအပ်သည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးရာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေတောင်မြို့နယ်တွင် သစ်စိမ်းမြေသြဇာမျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်စိုက်ပျိုးခြင်းပြုလုပ်

**ရွှေတောင် မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မင်းကွန်းကျေးရွာအုပ်စု မင်းကွန်းကျေးရွာရှိ တောင်သူ ၁၆ ဦး စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် မိုးစပါး ဧက ၅၀ တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ထောက်ပံ့ပေးအပ်ခြင်းနှင့် ကြဲပက် စိုက်ပျိုးခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသူ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းဝင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများ၊ မင်းကွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တောင်သူများထံသို့ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်သူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ လက်တွေ့သရုပ်ပြ နည်းလမ်းများအတိုင်း မျိုးစေ့များ ကြဲပက်ကြကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာန သက်ကြီးရွယ်အိုစောင့်ရှောက်ရေး(သူနာပြုအလုပ်သင်) သင်တန်းဖွင့်ပွဲ ကျင်းပ





**ရန်ကုန် မေ ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသမှ တိုင်းရင်းသူများအား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Japan Myanmar Association (JMA) တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ(MoU) အရ စတင်ဖွင့်လှစ်သည့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး (သူနာပြုအလုပ်သင်)သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

သင်တန်းဖွင့်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦးနှင့် တာဝန်ရှိသူများ၊ Japan Myanmar Association (JMA) ဥက္ကဋ္ဌ Mr. WATANABE Hideo၊ Secretary General, Mr. WATANABE Yusuke နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် Japan Myanmar Association (JMA) ဥက္ကဋ္ဌ Mr. WATANABE Hideo က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက Japan Myanmar Association (JMA) ဥက္ကဋ္ဌထံ သင်တန်းဖွင့်လှစ်ခြင်း အထိမ်းအမှတ် လက်ဆောင်သစ်သီးခြင်းကို ပေးအပ်သည်။

ဆက်လက်၍ Myanmar Sankou Co.,Ltd မှ Managing Director, Mr. Tsuda Shunji က သင်တန်းသူများ သင်တန်းကာလအတွင်း နေထိုင်စားသောက်ရေးအတွက် ထောက်ပံ့သည့် ငွေကြေးနှင့် သင်ထောက်ကူပစ္စည်းများစာရင်းကို သင်တန်းသူများကိုယ်စား သင်တန်းသူ နှစ်ဦးထံ လွှဲပြောင်းပေးအပ်သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သင်တန်းသူများ၏ သင်ကြားလေ့ကျင့်မှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယခုဖွင့်လှစ်သည့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး (သူနာပြုအလုပ်သင်) သင်တန်းအမှတ်စဉ်(၁) သို့ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများနှင့် ဘိုးဘွားရိပ်သာများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများအနက်မှ ရွေးချယ်သည့် သင်တန်းသူ ၅၁ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ ၅၂ ပတ် ပြီးမြောက်ပါက ပြည်ပတွင် အလုပ်အကိုင်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်လျက်ရှိသော ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ စီမံခန့်ခွဲရေးသင်တန်း၊ စာရေးဝန်ထမ်းသင်တန်းတို့၏ သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်း၏ စာသင်နှစ်အလိုက် သင်တန်းများ ပြန်လည်ဖွင့်လှစ်ရေး အကြိုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်း၏ စာသင်နှစ်အလိုက် သင်တန်းများ ပြန်လည်ဖွင့်လှစ်ရေး အကြိုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပျဉ်းမနား စိုက်ပျိုးရေး သိပ္ပံကျောင်း၏ စာသင်ဆောင်များ၊ လက်တွေ့ခန်းများ၊ ခွဲစိတ်ခွဲခန်းနှင့် စာကြည့်တိုက်များ၊ ကျောင်းသူကျောင်းသား အဆောင်များ၊ စားရိပ်သာနှင့် စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ အစီအမံများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ကျ ဆရာဆရာမများက ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လက်ခံသင်ကြားပေးနိုင်သည့် ပမာဏ အပြည့်အဝ လက်ခံသင်ကြားပေးနိုင်ရေး၊ သတ်မှတ်ထားသည့် စာသင်ကာလအတွင်း သင်ကြားရေးလုပ်ငန်းများ ထိရောက်စွာ သင်ကြားလေ့ကျင့်ပေးရေး၊ နည်းပညာရပ်ဆိုင်ရာ ပြဋ္ဌာန်းသင်ခန်းစာများအပြင် တွေးခေါ်မြော်မြင်နိုင်စွမ်းနှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်း မြင့်မားရေး၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအပေါ် တန်ဖိုးထားတတ်စေရေးနှင့် အများအကျိုးမျှော်ကိုး ရွက်ဆောင်တတ်သူများ ဖြစ်စေရေး ထည့်သွင်းသွန်သင်ဆွေးနွေးပေးရန် လိုအပ်ချက်များကို ဆရာ ဆရာမများအား ဆွေးနွေးမှာကြားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပိတ်ထားခဲ့ရသည့် တစ်နိုင်ငံလုံးရှိ တက္ကသိုလ်များ၊ သင်တန်းကျောင်းများကို မေ ၁၂ ရက်တွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများကိုလည်း သက်ဆိုင်ရာ စာသင်နှစ်များအလိုက် သင်တန်းများဖွင့်လှစ်သင်ကြားပေးနိုင်ရေး၊ သင်တန်းသူသင်တန်းသားများ နေရေး၊ စားရေးနှင့် ပညာသင်ယူရေးဆိုင်ရာများကို ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ကြစေရေးအတွက် တာဝန်ရှိသူများက စနစ်တကျစီမံ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် သစ်စိမ်း မြေဩဇာ၊ ပိုက်ဆံလျှော်ဧက ၁၀၀ ကွင်းပိတ်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ဒေသခံတောင်သူများနှင့်အတူ ပိုက်ဆံလျှော် မျိုးစေ့များ ကြဲပက်စိုက်ပျိုးပေးသည်။

သစ်စိမ်း မြေဩဇာအဖြစ် အသုံးပြုမည့် ပိုက်ဆံလျှော်မျိုးစေ့ကြဲပက်စိုက်ပျိုးပွဲ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသနေတောင်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဆီထွက်သီးနှံ နေကြာတိုးချဲ့ စိုက်ပျိုးရေး၊ အခြေအနေပေးသည့် စိုက်ခင်းများတွင် သီးညှပ်သီးရော စိုက်ပျိုးရေး၊ စိုက်ပျိုးရေသေချာသည့် ဧရိယာများတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်း၍ နေကြာမျိုးစေ့ထုတ် စိုက်ခင်းများ ထူထောင်ဆောင်ရွက်ရေး၊ ဈေးကွက်အလားအလာနှင့် ရာသီဥတုအခြေအနေကို သုံးသပ်ပြီး တောင်သူအကျိုးအမြတ်များ စေမည့် သီးနှံပုံစံ ရွေးချယ်ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# အသက် ၁ နှစ်ခွဲအောက် ကလေးငယ်များအား ရောဂါကာကွယ်ဆေးများ ထိုးနှံ၊ တိုက်ကျွေး

**နေပြည်တော် မေ ၁၀**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်ရှိ မွေးကင်းစမှ အသက် ၁ နှစ်ခွဲအောက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

မွေးကင်းစမှ အသက် ၁ နှစ်ခွဲအောက် ကလေးငယ် ၆၃ ဦးတို့ကို နယ်မြေခံတပ်မတော်ဆေးရုံမှ ကလေးပါရဂူများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ဘီစီဂျီ ကာကွယ်ဆေး၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါ ကာကွယ်ဆေး၊ အသည်းရောင်/ အသားဝါရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ဝမ်းပျက်/ ဝမ်းလျှောရောဂါ ကာကွယ်ဆေးနှင့် ၅ မျိုးစပ် ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်ပန်းတောင်းမြို့နယ် ညောင်ကန်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျောက်ပန်းတောင်း မေ ၁၀**

ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေရန် ရည်ရွယ်၍ ညောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို မေ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ချေးယူထားသည့် လုပ်ငန်းများအလိုက် စစ်ဆေးရန် လိုအပ်ကြောင်းနှင့် စီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အသုံးပြုမည်ဆိုပါက ဌာနမှ သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများအတိုင်း သုံးစွဲနိုင်ကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုပြည့်(ကျေးလက်)

# လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောနေရာသည် စာသင်ကျောင်းများသာဖြစ်သည်

မြင့်မြတ်

**မကြာမီကာလတစ်ခုမှာ အခြေခံပညာကျောင်းသားကျောင်းသူများ နှစ်စဉ်ကျောင်းအပ်နှံမှု ရက်သတ္တပတ်လှုပ်ရှားမှုနှင့်အတူ ကျောင်းများ တစ်ပြိုင်နက်ဖွင့်လှစ်ပြီး နိုင်ငံအတွက် ပညာရေးစာမျက်နှာသစ်တစ်ခု ဖွင့်လှစ်ကြပါတော့မည်။**



ကိုဗစ်ကာလမှာ နှစ်ရှည်ကျောင်းများ ပိတ်ခဲ့ကြရသလို အဖျက်အမှောင့် ပယောဂများအောက်တွင် အချို့ ကျောင်းသားများ ပညာသင်ခွင့် ဆုံးရှုံးခဲ့ကြရသည်။ တစ်နှစ်နောက်ကျလျှင် ပညာတတ် ဘွဲ့ရဖြစ်ဖို့ တစ်နှစ်နောက်ကျပြီး မိဘများလည်း နစ်နာရသလို နိုင်ငံတော်အတွက်လည်း နစ်နာလှသည်။ ထို့အတွက် ဇွန်လ ၂ ရက်နေ့တွင် ပြန်လည် ဖွင့်လှစ်မည့် အခြေခံပညာကျောင်းများတွင် မေလ ၂၆ ရက်နေ့မှစ၍ မိဘများအနေဖြင့် မိမိရင်သွေးများကို မပျက်မကွက် ကြိုးစားကျောင်းအပ်နှံကြဖို့ အထူးနှိုးဆော်တိုက်တွန်းလိုပါသည်။

**အခက်အခဲနှင့် စိန်ခေါ်မှုများကြားက ဘက်စုံကြိုတင်ပြင်ဆင်နေကြပြီဖြစ်**

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရ ပညာသင်နှစ်တိုင်းတွင် နှစ်စဉ် မေလနောက်ဆုံးပတ်ကို ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းအပ်နှံခြင်း အခမ်းအနားများ ပြုလုပ်ကျင်းပခြင်းသည် အဓိကမှာ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေး ဖြစ်သည်။ ကာလရှည်ကျောင်းမတက်နိုင်သော ကလေးတစ်ဦးသည် ပညာသင်အခွင့်အလမ်း လက်လွတ်ဆုံးရှုံးရပြီး ကျောင်းထွက်နိုင်ခြေလည်း များလှပါသည်။ ယခုလိုကာလတွင် အခြေခံပညာကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်အောင်၊ ဆရာဆရာမများရော ကျောင်းသားများပါ လုံခြုံငြိမ်းချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားသင်ယူနိုင်အောင် ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်နေကြပြီလည်း ဖြစ်ပါသည်။

**မိဘ၊ ဆရာ၊ ကျောင်းသားများအတွက် စိန်ခေါ်မှုများကား ရှိခဲ့၊ ရှိဆဲ၊ ရှိနေမည်သာ ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု မလိုလားသူများသည် ပညာရေးခရီးလမ်း ဖြောင့်ဖြူး သာယာနေမည်ကို မည်သို့မျှ လိုလားမည်မဟုတ်၊ ပညာတတ်များ မပေါ်ထွက်လာရေးအတွက် အနှောင့်အယှက်ပြုနိုင်သမျှ ပြုနေမည်သာဖြစ်သည်။ ပညာရေးနိမ့်ကျခြင်းသည် နိုင်ငံဖွံ့ဖြိုးခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်ကို ၎င်းတို့ကောင်းကောင်းသိသည်။ ထို့ကြောင့် ကျောင်းများပြန်မဖွင့်နိုင်အောင်၊ ကျောင်းသားများ စာသင်ခန်းနှင့် ဝေးသည်ထက် ဝေးနေအောင်၊ ဆရာဆရာမများ၏ လုံခြုံရေးနှင့် မိမိတို့ကျောင်းနှင့် ပညာသင်ကြားရေးလုပ်ငန်းခွင် လုံခြုံစိတ်ချရမှု မရှိအောင်၊ မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးများအတွက် အမြဲစိတ်ပူပန်နေရအောင်၊ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ ပညာရေးအပေါ် အမြော်အမြင်ကြီးမှုနှင့် ဆရာဆရာမများ၏ စေတနာအပေါ် အထင်အမြင် လွဲမှားအောင် ကောလာဟလ မျိုးစုံလွှင့်ထုတ်၍ နည်းလမ်းပေါင်းစုံဖြင့် အစဉ်ကြံဆောင် အားထုတ်နေမည်သာဖြစ်သည်။**

**တတ်နိုင်သမျှ မခွဲခြား တစ်ပြေးညီဖြည့်ဆည်းပေးနေ**

ဤနေရာတွင် မိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ ဆရာများပါ သတင်းများအပေါ် ဆင်ခြင်ချိန်ဆ၍ အမှန်ကိုသိအောင် လုပ်ကြစေချင်သလို သက်ဆိုင်ရာနှင့် ဆရာဆရာမများကလည်း ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုနည်းအောင် သတင်းမှန်များကို ချပြ အသိပေးစေလိုပါသည်။

ပညာရေးဝန်ကြီးဌာနသည် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေပြီး ငွေကြေးကောက်ခံခြင်း တစ်စုံတစ်ရာမရှိသည်မှာ အားလုံးအသိဖြစ်ပါသည်။ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်စသည့်စာရေးကိရိယာများကို တတ်နိုင်သမျှ ပံ့ပိုးပေးသည်ဟုသိရသည်။ ရာနှုန်းပြည့် မလွန်မြောက်နိုင်သေးသော ကိုဗစ်ကာလတစ်ခုတွင် ရောဂါနှင့်ပတ်သက်၍ ယခုအခြေအနေအရ အလွန်အမင်းစိုးရိမ်စရာမရှိသော်လည်း ကိုဗစ်ကပ်ကာကွယ်ရေးအတွက် ကျောင်းသား ကျောင်းသူ ဆရာဆရာမများကို ပါးစပ်၊ နှာခေါင်းစည်းများ၊ မျက်နှာအကာများ၊ ကျောင်းအတွက် ကိုယ်အပူချိန်တိုင်းကိရိယာများနှင့် အခြားသော ကိုဗစ်ကပ်ရောဂါ ကာကွယ်ရေးဆိုင်ရာများကိုလည်း ပံ့ပိုးပေးသွားမည်သာဖြစ်ပါသည်။ စေတနာနှင့် ကူညီမှုမှန်သမျှသည် ဆင်းရဲချမ်းသာ အရောင်အသွေး မည်သည့်ခွဲခြားမှုမျိုးမှမရှိ အားလုံးတစ်ပြေးတည်းသာဖြစ်ပါသည်။

**ကျေပွန်ရမည့် မိဘတို့၏ဝတ္တရား**

မိမိတို့၏ သားသမီးများ ပညာတတ်လူတော်လူမော်များဖြစ်ဖို့ အရေးသည် မိဘများ၏ အရေးကြီးဆုံးသော ဝတ္တရားတစ်ခုဖြစ်ပါသည်။ ဤသည်ပင် နိုင်ငံဖွံ့ဖြိုးရေးတွင် ပါဝင်ထမ်းရွက်နေခြင်းလည်း ဖြစ်သည်ဟု ခံယူထိုက်သည်ဖြစ်၍ မိဘဝတ္တရားနှင့် နိုင်ငံတာဝန် ကျေပွန်သင့်ပါသည်။ ယနေ့ခေတ် အခြေအနေကို မိဘများအနေဖြင့် မျက်ခြည်မပြတ်ကြစေလိုပါ။ မနှစ်ကနှင့်မတူ မနေ့ကနှင့်ခြား၍ အချိန်နှင့်အမျှ အပေါင်းလက္ခဏာဆောင်၍ တိုးတက်မှုသို့ ရှေးရှုနေသည်ကို သတိပြုရပါမည်။

**အချို့မိဘများ မိမိ၏အတ္တတလွဲမာနများကြောင့် မိမိတို့ သားသမီးများ၏ ပညာရေးအနာဂတ် အမှောင်မဖုံးစေလိုပါ။ "ကျောင်း" ဟူသည် မည်မျှ အရေးပါသည်ကို ငယ်စဉ်အခါ ပညာရှာခဲ့ကြသည့် ယနေ့ခေတ်မိဘများ သိပြီးဖြစ်ပါလိမ့်မည်။ မိဘများက ပညာသင်ပေးခဲ့၍ ကိုယ်လည်းလူလားမြောက်ခဲ့ပြီမဟုတ်ပါလား၊ ကိုယ်တိုင်မိဘဖြစ်လာသည့်အခါ ကိုယ့်သားသမီးတွေအပေါ် ပညာသင်ခွင့် မပေးသော မိဘ၊ ပညာကို တန်ဖိုးမထားတတ်သောမိဘ၊ မထိန်းကျောင်းမသွန်သင်တတ်၍ မိမိရင်သွေးများကို မလိမ္မာမိုက်မဲသူများဘဝသို့ တွန်းပို့မိသော မိဘများအဖြစ် နောင်တမရစေချင်ပါ။**

အစားထိုးပြန်မရသောအချိန်သည် အရေးကြီးပါသည်။ မိမိတို့သားသမီးများ ကျောင်းနေမြဲ၍ ကျောင်းမထွက်စေဘဲ သူတို့လေးတွေ၏ လှပသော အနာဂတ်ရေးအတွက် အချိန်ပေးစေလိုပါသည်။ ချစ်ရာမရောက် နှစ်ရာရောက်သွားနိုင်သည်ကို အထူးသတိထားရပါမည်။ လာမည့်စာသင်ကျောင်းများမှာ ဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းစာများအပြင် လိမ္မာရေးခြားရှိစေမည့် ယဉ်ကျေးမှုနှင့် ဘာသာရေးအဆုံးအမသင်ခန်းစာများကိုပါ တွေ့မြင်ရတော့မည်ဖြစ်၍ ဂါရဝတရားဖြင့် လိမ္မာယဉ်ကျေးပြီး ကိုယ်ကျင့်တရားကောင်းသော သားသမီးများကို "အား" တစ်ခုအဖြစ် မိဘများတွေ့မြင်ရပါတော့မည်။ ကိုယ်ကိုယ်တိုင်က သားသမီးများကို လိုလိုချင်ချင်ဖြင့် ကျောင်းအပ်ကျောင်းပို့နိုင်ပါမှ၊ ကလေးများလည်း ပညာသင်ခွင့်ရကြပါမှ နောင်တစ်ချိန် ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အသိုင်းအဝန်းကြားမှာ မျက်နှာမငယ် အားမငယ်ရဘဲ ခေါင်းမော့နိုင်သည့် လူငယ်များ၊ မိဘများအဖြစ် တွေ့မြင်ကြရမည်ဖြစ်ပါသည်။

**ဆရာဆရာမများ၏ ကြီးလေးမွန်မြတ်သော တာဝန်ဝတ္တရား**

ကျောင်းသားလူငယ်များ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့အနာဂတ် သားကောင်းလူငယ်များကို မွေးထုတ်ပေးနေသည့် ပဲ့ကိုင်ရှင် ဆရာဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်မှာ ငြင်းဖွယ်ရာမရှိပါ။ အရည်အသွေးပြည့်ဝသူများ ဖြစ်ဖို့၊ အရည်အသွေးမီသော ပညာများသင်ကြားပေးဖို့သည် ဆရာများ၏ တာဝန်ပင်ဖြစ်သည်။ မိမိတို့၏တပည့်များကို ရင်ဝယ်သားသမီးများနှင့်မခြား ပညာတတ်လူရည်ချွန် လူရည်မွန်များဖြစ်လာအောင် ပြုစုပျိုးထောင်သင်ကြားပေးရသည့် စေတနာအပေါ် နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်အောင်နှင့် နိုင်ငံပညာရေးဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကအခန်းမှ ပါဝင်ထမ်းရွက်နေရသည့် တာဝန်ယူမှုက ထပ်ဆင့်လိုက်သည့်အခါ ဆရာတစ်ယောက်၏ တာဝန်သည်အထူးကြီးမားမွန်မြတ်သွားသည်ကို ဂုဏ်ယူကြစေလိုပါသည်။

ယနေ့ခေတ် ယနေ့အခြေအနေမျိုးမှာ ကျောင်းဆရာတစ်ယောက်ဖြစ်ရတာ မလွယ်ကူလှပါ။

*စာမျက်နှာ ၇ သို့*

❖ မိဘ၊ ဆရာ၊ ကျောင်းသားများအတွက် စိန်ခေါ်မှုများကား ရှိခဲ့၊ ရှိဆဲ၊ ရှိနေမည်သာ ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု မလိုလားသူများသည် ပညာရေးခရီးလမ်း ဖြောင့်ဖြူးသာယာနေမည်ကို မည်သို့မျှ လိုလားမည်မဟုတ်၊ ပညာတတ်များ မပေါ်ထွက်လာရေးအတွက် အနှောင့်အယှက်ပြုနိုင်သမျှ ပြုနေမည်သာဖြစ်သည်။ ပညာရေးနိမ့်ကျခြင်းသည် နိုင်ငံဖွံ့ဖြိုးခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်ကို ၎င်းတို့ကောင်းကောင်းသိသည်။ ထို့ကြောင့် ကျောင်းများပြန်မဖွင့်နိုင်အောင်၊ ကျောင်းသားများ စာသင်ခန်းနှင့် ဝေးသည်ထက် ဝေးနေအောင်၊ ဆရာ ဆရာမများ၏ လုံခြုံရေးနှင့် မိမိတို့ကျောင်းနှင့် ပညာသင်ကြားရေးလုပ်ငန်းခွင် လုံခြုံစိတ်ချရမှု မရှိအောင်၊ မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးများ အတွက် အမြဲစိတ်ပူပန်နေရအောင်၊ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ ပညာရေးအပေါ် အမြော်အမြင်ကြီးမှုနှင့် ဆရာဆရာမများ၏ စေတနာအပေါ် အထင်အမြင် လွဲမှားအောင် ကောလာဟလ မျိုးစုံလွှင့်ထုတ်၍ နည်းလမ်းပေါင်းစုံဖြင့် အစဉ်ကြံဆောင် အားထုတ်နေမည်သာဖြစ်သည်။

# (၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၀**

(၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိတပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀)နှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်- ၅၀၀) တို့၌ Online Hybrid စနစ်ဖြင့် တစ်ပြိုင်နက်တည်း ဆက်လက်ကျင်းပပြုလုပ်ရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုများ၊ နိုင်ငံတကာမှ ဆေးပညာရှင်များ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ အငြိမ်းစားအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။



ယနေ့တွင် Major Symposium အဖြစ် Development and Changes We Need: Medical Education and Impact of the COVID-19၊ Clinical Session ကိုလည်းကောင်း၊ အခြား Symposium များအဖြစ် Nurses' Resilience in Myanmar Military in the Face of COVID-19၊ Optimising Pulmonary Function by Rehabilitation၊ Quality Care in Anaesthesia: Nurturing the Culture in COVID-19 Era၊ COVID-19 and Patients with CKD on Maintenance Haemodialysis၊ Impact of Recent Changes in COVID-19 Pandemic from Women's Health Perspective၊ Mistakes in Gastro- enterology and Hepatology၊ COVID-19: Challenges for Physicians၊ Medicolegal Issues in Obstetrics and Gynaecology၊ Building Shared Vision in Myanmar Military Medical Practice နှင့် Special Talk ၃ ခုတို့ကို Auditorium ၄ နေရာ၌ ဆွေးနွေးကြသည်။

ထို့အပြင် သုတေသနစာတမ်းများအဖြစ် ဆေးပညာ၊ စိတ်ရောဂါပညာ၊ ပြည်သူ့ကျန်းမာရေး၊ ဆေးဝါးဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးပညာသင်ကြားရေး၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ ရောဂါဗေဒ၊ သူနာပြုပညာ၊ မေ့ဆေးပညာ၊ အရိုးရောဂါကုပညာစသည့် ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း စုစုပေါင်း ၄၅ စောင်တို့ကို Auditorium ၄ နေရာတွင် ပါဝင်ဖတ်ကြားတင်သွင်းကြသည်။

ထို့ပြင် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ သုတေသီတို့က ရှင်းလင်းဖြေကြားဆွေးနွေးကြပြီး ဒုတိယနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နား၍ မေလ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နှီးနှောဖလှယ်ပွဲသို့ Inperson တက်ရောက်သူများ အနေဖြင့် တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀) တွင် ၁၁၃ ဦးနှင့် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်- ၅၀၀) တွင် ၂၂၄ ဦး စုစုပေါင်း ၃၃၇ ဦး တက်ရောက်ခဲ့ပြီး Online မှ တက်ရောက်သူများ အနေဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ အငြိမ်းစားအရာရှိကြီးများ၊ အခြားတပ်မတော်ဆေးရုံ၊ ဆေးတပ်အသီးသီးတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု (အရာရှိ)နှင့် သူနာပြု စုစုပေါင်း ၅၀၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

သို့သော် အခက်အခဲအကျပ်အတည်းများကြား၊ စိုးရိမ်ပူပန်မှုများကြားကပင် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများနှင့်အတူ ဆရာဆရာမများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာခံ၍ မှန်ကန်စွာ ပညာသင်ကြားပေးနိုင်ခဲ့ခြင်းသည်ပင် ရှေ့တက်ခရီးဆက်မည့် နောင်ပညာရေးခရီးလမ်းများအတွက် အတွေ့အကြုံကောင်းများဖြစ်ပါသည်။ အကောင်းဆုံးဖြင့် ဆက်လက်အသုံးချသွားနိုင်ကြမည်ဟု ယုံကြည်ချက်ထားစေလိုပါသည်။ ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် သစ္စာရှိနိုင်ငံ့ဝန်ထမ်းများပီပီ တာဝန်ဝတ္တရားများ ကျေပွန်စွာဖြင့် ထမ်းရွက်ကြမည့် ဆရာကောင်းများစွာကို အနာဂတ်တွင် ပို၍ပို၍မြင်တွေ့ကြရပါတော့မည်။

> ◆ **အချို့မိဘများ မိမိ၏အတ္တတလွဲမာနများကြောင့် မိမိတို့သားသမီးများ၏ ပညာရေးအနာဂတ် အမှောင်မဖုံးစေလိုပါ။ "ကျောင်း" ဟူသည် မည်မျှအရေးပါသည်ကို ငယ်စဉ်အခါ ပညာရှာခဲ့ကြသည့် ယနေ့ခေတ်မိဘများ သိပြီးဖြစ်ပါလိမ့်မည်။ မိဘများက ပညာသင်ပေးခဲ့၍ ကိုယ်လည်း လူလားမြောက်ခဲ့ပြီမဟုတ်ပါလား၊ ကိုယ်တိုင်မိဘဖြစ်လာသည့်အခါ ကိုယ့်သားသမီးများအပေါ် ပညာသင်ခွင့်မပေးသော မိဘ၊ ပညာကို တန်ဖိုးမထားတတ်သော မိဘ၊ မထိန်းကျောင်း မသွန်သင်တတ်၍ မိမိရင်သွေးများကို မလိမ္မာမိုက်မဲသူများဘဝသို့ တွန်းပို့မိသော မိဘများအဖြစ် နောင်တမရစေချင်ပါ။**

**ကျောင်းသားများဘက်မှလည်း...**

ကျောင်းသားများဘက်မှ ကြည့်လျှင်လည်း သူတို့လည်း ကိုယ့်တာဝန်ကိုယ် ကျေရမည်။ မိမိပညာတတ်ကြီးဖြစ်ဖို့ မိဘများက ငွေကြေး၊ အချိန်၊ ပညာများစွာ ရင်းနှီးမြှုပ်နှံထားရသည်။ မိဘများ အသက်ရှိခိုက်၊ ကျန်းမာခိုက်မှာ ကိုယ့်ဘက်က ပညာဆုံးခန်းတိုင် ပြီးမြောက်အောင်မြင်ထားမှသာ မိဘကို ကျေးဇူးဆပ်ရာကျမည်ဖြစ်ပြီး မိမိလူ့အဖွဲ့အစည်း ကိုယ့်ဆွေမျိုးအသိုင်းအဝန်း၊ ညီအစ်ကိုမောင်နှမများကိုလည်း ပြုစုပံ့ပိုးနိုင်မည်ဖြစ်သည်။

ကျောင်းတက်ခြင်းသည်ပင် နိုင်ငံ့အရေးဆောင်ရွက်ခြင်းဖြစ်၍ နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကို ကျရာကဏ္ဍမှ အရည်အသွေးပြည့်ပြည့်ဖြင့် ပါဝင်ထမ်းရွက်ပေးနေသည့် ဂုဏ်ယူဖွယ်ရာ နိုင်ငံ့သားကောင်းများဖြစ်နေပါသည်။ မိမိကိုယ်မိမိ ပညာတတ်၊ ပညာရှင်၊ အနာဂတ်ခေါင်းဆောင်ကောင်း တစ်ဦးအဖြစ် အိပ်မက်မက်စေချင်သည်။ သင်ကြားရမည့် ကျောင်းသင်ခန်းစာများသည်ပင် အသစ်အဆန်းအထူးအဆန်းတစ်ခုမှ မပါ။ ယခင် ပြုစုထားသော သင်ရိုးညွှန်းတမ်းများသာ ဖြစ်သည်။ ဘေးပြေးတာကို နားမယောင်ဖို့သာလိုသည်။ ဘေးမသီ ရန်မခ ကျောင်းပျက်ရက်မရှိ မပျက်မကွက် တက်ကြဖို့ သာ လိုသည်။ ကျောင်းမတက်ဖြစ်လျှင် ဦးစွာထိခိုက်နစ်နာမှာက မိမိနှင့် မိမိမိသားစုပင်ဖြစ်၍ ပညာတတ်ကြီးများဖြစ်အောင်၊ ပညာရှင်များဖြစ်လာအောင် ကြိုးစားကျောင်းတက်ကြပါဟုသာ တိုက်တွန်းချင်ပါသည်။

ထို့ကြောင့် ယခုစာသင်နှစ်အတွက် ပညာသင်အခွင့်အလမ်းကောင်းကို လက်မလွှတ်ဘဲ အမိအရဆုပ်ကိုင်နိုင်ကြဖို့ ထပ်မံနှိုးဆော်တိုက်တွန်းလိုပါသည်။ မိဘရော၊ ဆရာရော၊ ကျောင်းသားများရော ကိုယ်စီတာဝန်ကျေပွန်ကြခြင်းဖြင့် ကျောင်းအပ်နှံနှုန်းမှာ ယခင်ထက်ပိုမြင့်လာမည်ဟု ယုံကြည်ပါသည်။

နိုင်ငံတော်ကလည်း ယခင်အတွေ့အကြုံနှင့် သင်ခန်းစာများကို ပေါင်းစပ်ကာ ယခင်ထက်ပို၍ အားထည့်ပြီး ထိထိရောက်ရောက်ပံ့ပိုးကူညီသွားမည်ဟု ခံယူထားသည့်အတိုင်း အနာဂတ်ပညာရေးခရီးသည် ပန်းတိုင်အရောက် ပေါက်မြောက်အောင်မြင်မည်ဟု တစ်ထစ်ချယုံကြည်ပြီးလည်း ဖြစ်ပါသည်။ ပညာသည် အမှောင်ကိုခွင်းနိုင်သည်ဖြစ်၍ ပတ်ဝန်းကျင်အကျိုး၊ လူ့အဖွဲ့အစည်းကောင်းကျိုးအတွက် အလင်းဆောင်ပေးမည့် ပညာကို ပေးရမည့်၊ ယူရမည့်တာဝန်သည် မိဘ၊ ဆရာ၊ ကျောင်းသားများလက်ဝယ် ကျရောက်နေပြီဖြစ်ပါသည်။ အရေးကြီးသည်မှာ မိဘများဘက်ကဖြစ်ပါသည်။ သို့ဖြစ်၍ မိဘများအနေဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့စွာဖြင့် ပူပန်သောကများ လျှော့ချ၍ ကျောင်းများအပ်နှံပေးကြပါ။ အဖြူကို အရောင်ဆိုးမခံဘဲ အဖျက်သဘောဆန်သော သွေးထိုးမှုများအောက်တွင် မိမိတို့၏ သားသမီးများ ပျက်စီးဆုံးရှုံးမှုလမ်းကြောင်းသို့ သွေဖည်သွားမည့်အရေးကိုသာ ပို၍အာရုံစိုက်ကြပါဟု အကြံပေးလိုပါသည်။

သို့မှသာ နောင်မဝေးသော အနာဂတ်တွင် မိမိတို့ ပင်ပန်းသည်၊ ခက်ခဲသည်ဟု သဘောမထား၊ ခံယူချက်ကောင်းများ ရင်မှာပိုက်၍ အားစိုက်ကြ၊ သင်ကြားပေးနေကြသော ဆရာဆရာမများ၏ လက်အောက်တွင် ကျောင်းသားများ၊ မိဘများ၏ ပီတိအပြုံးများကို ပို၍တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဖြင့် ကိုယ်စီဝတ္တရား ကျေပွန်ကာမျှဖြင့် မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ပညာတန်ဖိုးသိနားလည်သော ပြည်သူ့သားကောင်းများ မလွဲကေန်ဖြစ်လာကြပါမည်။ မရိုင်းစိုင်း လိမ္မာယဉ်ကျေးကိုယ်ကျင့်တရားကောင်းသော နိုင်ငံ့သားကောင်းများ မလွဲသေချာဖြစ်လာကြပါမည်၊ မိဘ ဆရာ ပြည်သူပူးပေါင်းမှုအောက်တွင် ကျန်းမာကြံ့ခိုင်သော လူ့ရည်ချွန်လူ့ရည်မွန်များဖြင့် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်လာမည်မှာမလွဲ၊ သေချာလှပါသည်ဟူ၍ အပြုသဘောအမြင်ကို ရေးသားလိုက်ရပါသည်။ ။

---

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၀**

ထူးခြားသည့် နေ့အပူချိန်များမှာ ဖောင်းတူမြို့၊ ရွှေကျင်မြို့၊ ရေးမြို့နှင့် ဘီးလင်းမြို့တို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၈၅ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၅၁ လက်မ၊ မော်လိုက်မြို့နှင့် ပေါင်မြို့တို့တွင် ၃ ဒသမ ၁၉ လက်မစီ၊ ပျော်ဘွယ်မြို့နှင့် ဘီးလင်းမြို့တို့တွင် ၂ ဒသမ ၈၃ လက်မစီ၊ လှိုင်လင်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ မြဝတီမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မုံရွာ(ကြေးမုံ)တွင် ၂ ဒသမ ၂၈ လက်မနှင့် ကျောက်မဲမြို့နှင့် ခန္တီးမြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေ ရောဂါကုဆေးခန်း(ဘောဂသိဒ္ဓိ-၁) ဖွင့်ပွဲတက်ရောက်

နေပြည်တော် မေ ၁၀

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် ကဲဝဲလ်မက်ဒီကယ်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သော လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်း (ဘောဂသိဒ္ဓိ-၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ရန်မျိုးသန့်စင်လမ်း မြို့မဈေးအနီးရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင် အဆောက်အအုံတွင် ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်တို့က ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ လူမှုဖူလုံရေးစီမံကိန်း အကျုံးဝင်အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုး ခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ၉၆ ရုံး၊ အလုပ်သမား ဆေးရုံကြီး သုံးရုံ၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၆ ခန်း၊ ပုဂ္ဂလိက ဆေးရုံ / ဆေးခန်း ၃၂ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ရွေ့လျားဆေးကုသယာဉ် နှစ်စီးတို့ဖြင့် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်၌ လူမှုဖူလုံရေးစီမံကိန်းအကျုံးဝင် အာမခံအလုပ်သမားများကို ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူမှုဖူလုံရေးအဖွဲ့၌ တစ်နိုင်ငံလုံးတွင် အကျုံးဝင်သော အလုပ်ဌာနပေါင်း ၃၃၈၆၈ ဌာနနှင့် အာမခံအလုပ်သမားပေါင်း ၁၁၀၇၃၃၈ ဦးရှိပြီး နေပြည်တော်ကောင်စီနယ်မြေတွင် အကျုံးဝင် အလုပ်ဌာနပေါင်း ၉၉၂ ဌာနနှင့် အကျုံးဝင်အာမခံအလုပ်သမားပေါင်း ၂၄၃၆၀ ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အာမခံအလုပ်သမားများကို ဆေးကုသဝန်ဆောင်မှုပေးနိုင်ရေးအတွက် မြို့နယ်လူမှုဖူလုံရေးဆေးခန်း သုံးခန်း၊ ဌာနကြီးဆေးခန်း လေးခန်းနှင့် စာချုပ်ဆေးခန်း နှစ်ခန်းတို့ဖြင့် ဆေးကုသမှုဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိသော လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို အလွယ်တကူရယူအသုံးပြုနိုင်စေရန် ရည်ရွယ်ပြီး ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်တွင် လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်း တစ်ခန်းကို တိုးချဲ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ လူမှုဖူလုံရေး-ကဲဝဲလ် ဆေးခန်း (ဘောဂသိဒ္ဓိ-၁)သည် နေပြည်တော်ကောင်စီနယ်မြေအတွက် သုံးခန်းမြောက် စာချုပ်ဆေးခန်းဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေ အကျုံးဝင်အာမခံအလုပ်သမားများ ဝန်ဆောင်မှုရယူနိုင်သည့် ဆေးခန်း ၁၀ ခန်း ရှိပြီးဖြစ်ကြောင်း၊ လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းများတွင် အထွေထွေရောဂါကုသမှု (OPD Care) သာမက သားဖွား/မီးယပ် ပြင်ပလူနာကုသမှု (Specialist OG OPD Care) ဝန်ဆောင်မှု ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တနင်္လာနေ့မှ စနေနေ့အတွင်း နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ကုသ ပေးသွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ စာချုပ်ဆေးခန်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်တို့က လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်း (ဘောဂသိဒ္ဓိ-၁)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**ဆေးကုသနေမှုကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်း (ဒက္ခိဏသီရိ)သို့ သွားရောက်၍ ဆေးကုသနေမှုကို ကြည့်ရှုအားပေးပြီး ဆေးခန်းသို့ လာရောက်ဆေးကုသမှုခံယူသည့် အာမခံအလုပ်သမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

**စာချုပ်ဆေးခန်းများ ဖွင့်လှစ်**

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို အလွယ်တကူလက်လှမ်းမီရယူနိုင်စေရန် ပုဂ္ဂလိကနှင့် ပူးပေါင်း၍ စာချုပ်ဆေးခန်းများ ဖွင့်လှစ်ကာ ဝန်ဆောင်မှုထောက်ပံ့ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Capitation Payment စာချုပ် ဆေးခန်း ၂၀ ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း ၁၁ ခန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကာ အာမခံအလုပ်သမားများ လက်လှမ်းမီသောနေရာများတွင် ဆေးခန်းများ ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ မလာဘူးဆိုတဲ့အဖွဲ့တွေကတော့ သူတို့ရဲ့ ငြိမ်းချမ်းရေးပေါ်မှာထားရှိတဲ့ သဘောထား၊ ပြည်သူလူထုနဲ့ ဒေသခံလူထုပေါ်မှာထားရှိတဲ့ သဘောထား ပေါ်လွင်လာတယ်လို့ပဲ ပြောလိုပါတယ်

နေပြည်တော် မေ ၁၀

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် မေးမြန်းချက်ကို အောက်ပါအတိုင်း ဖြေကြားခဲ့ပါသည်-**

ငြိမ်းချမ်းရေး ဆွေးနွေးပွဲ တက်ရောက်မယ့်အမည်စာရင်းကို မေလ ၉ ရက်နေ့က ကျွန်တော်တို့တောင်းခဲ့ပါတယ်။ ဒီလိုတောင်းခဲ့တဲ့အခါ အခုအချိန်အထိ ငြိမ်းချမ်းရေးမှာ NCA လက်မှတ်ထိုးပြီးသားအဖွဲ့ ၇ ဖွဲ့၊ NCA လက်မှတ် မရေးထိုးထားရသေးတဲ့အဖွဲ့ ၃ ဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့ တက်ရောက်မယ်ဆိုတဲ့ စာရင်းပေးမှုကို ကျွန်တော်တို့ရရှိပြီးဖြစ်ပါတယ်။ တချို့အဖွဲ့တွေကတော့ မြင်တွေ့နေရတဲ့အတိုင်းပဲ သူတို့က ကြေညာချက်တွေထုတ်ပြီး မတက်ရောက်ဘူးဆိုတာလည်းတွေ့ရပါတယ်။ တချို့ အဖွဲ့တွေကတော့ သူတို့အဖွဲ့အတွင်းမှာ ညှိနှိုင်းတိုင်ပင်နေဆဲ ဖြစ်တဲ့အတွက်ကြောင့် စောင့်ကြည့်ချင်တဲ့သဘော ပြောတဲ့အဖွဲ့လည်းရှိပါတယ်။

ဆွေးနွေးပွဲကတော့ ဆွေးနွေးဖို့စာရင်းပေးထားတဲ့ ဒီ EAO အဖွဲ့တွေ သူတို့ အဆင်ပြေနိုင်တဲ့အချိန်ကိုပဲ ကျွန်တော်တို့က ဦးစားပေးပြီး စဉ်းစားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ အမြန်ဆုံးဆွေးနွေးသွားဖို့ ရည်မှန်းထားတာဖြစ်ပါတယ်။ သို့သော် ဒီအဖွဲ့တွေရဲ့ အဖွဲ့တစ်ဖွဲ့အတွင်းမှာလည်း မတူညီတဲ့အကြောင်းအရာတွေ ရှိတဲ့အတွက် ဆွေးနွေးပွဲကို ကျွန်တော်တို့က ဘယ်အချိန်လုပ်မယ်ဆိုတာကို သတ်မှတ်ပေးတာထက် သူတို့ဆီကနေ တုံ့ပြန်ချက်တွေရလာတဲ့အချိန်၊ ဒီအပေါ်မှာ ဦးစားပေးပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။




NCA လက်မှတ်ရေးထိုးပြီးသား ၇ ဖွဲ့မှာတော့ DKBA အဖွဲ့ပါတယ်။ KNU – KNLA/PC အဖွဲ့ပါတယ်။ နောက်တစ်ဖွဲ့က ပအိုဝ်းအဖွဲ့ PNLO အဖွဲ့ပါတယ်။ ပြီးရင်တော့ မွန်အဖွဲ့ NMSP အဖွဲ့ပါတယ်။ ပြီးရင် ရခိုင်အဖွဲ့ ALP အဖွဲ့ပါတယ်။ ပြီးရင် ရှမ်းက RCSS(SSA) အဖွဲ့ပါတယ်။ ပြီးရင် လားဟူ LDU အဖွဲ့ပါတယ်။ ဒါကတော့ NCA ထိုးပြီးသား ခုနစ်ဖွဲ့ပေါ့။ NCA မထိုးရသေးတဲ့ သုံးဖွဲ့ကတော့ UWSA "ဝ"အဖွဲ့ ပါပါတယ်။ NDAA မိုင်းလားအဖွဲ့ပါပါတယ်။ နောက်တစ်ခုကတော့ ရှမ်းအဖွဲ့ SSPP(SSA) ရှမ်းအဖွဲ့ ပါပါတယ်။ အဓိကကတော့ ကျွန်တော်တို့က ဒီ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားပြီးဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်ကလည်း ကိုယ်တိုင် တွေ့ဆုံမယ်ဆိုပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့တာရှိပါတယ်။ အဲဒီအပေါ်မှာတော့ သဘောထားအမြင် အမျိုးမျိုးရှိကြတာပေါ့။ ဒီလိုသဘောထားအမြင် အမျိုးမျိုးရှိကြတဲ့အထဲမှာ တချို့လည်း ထုတ်ပြန်ချက်တွေ ထုတ်ပြန်တာပေါ့။ ကျွန်တော် ပြောချင်တာကတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ EAO တွေထက်ပိုပြီး ပတ်သက်တဲ့သူ ဘယ်သူတွေ ရှိဦးမှာလဲ။ ပါဝင်သင့် ပါဝင်ထိုက်တဲ့သူ အားလုံးဆိုတဲ့နေရာမှာ EAO တွေထက် ပါဝင်သင့် ပါဝင်ထိုက်တဲ့သူ ဘယ်သူများရှိဦးမှာလဲ။ ကျွန်တော် သတင်းစာရှင်းလင်းပွဲမှာ ပြောနေသလိုပါပဲ ပုဂ္ဂိုလ်ရေးရာထက် ဒီအချိန်ဟာ အချိန်ကောင်းပဲဖြစ်တယ်။ အချိန်ကောင်းပဲဖြစ်တဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ မလာဘူးဆိုတဲ့အဖွဲ့တွေ ဒါတွေကတော့ သူတို့ရဲ့ ငြိမ်းချမ်းရေးပေါ်မှာထားရှိတဲ့ သဘောထား၊ ပြည်သူလူထုနဲ့ ဒေသခံလူထုပေါ်မှာထားရှိတဲ့ သဘောထား ပေါ်လွင်လာတယ်လို့ပဲ ကျွန်တော်ပြောလိုပါတယ်။

ကျွန်တော်တို့ကတော့ ငြိမ်းချမ်းရေးနဲ့ပတ်သက်လာရင် ဦးစားပေးလုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် အခုဆွေးနွေးဖို့ပေးထားတဲ့အဖွဲ့များနဲ့ ကျွန်တော်တို့ တပ်မတော်နဲ့ နိုင်ငံတော် အစိုးရအနေနဲ့က ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်ကို ခိုင်ခိုင်မာမာ အာမခံထားတာဖြစ်တယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ သူတို့ရဲ့ လိုလားချက်တွေကိုပါ ရင်းနှီးပွင့်လင်းစွာ ဆက်လက်ပြီး ဆွေးနွေးသွားမှာဖြစ်တယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်အောင်မြင်ဖို့ဆိုရင် ကျွန်တော်တို့ အလေးထားပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဝါသီးနှံကဏ္ဍတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Stakeholders များ ပါဝင်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၁၀**

ဝါသီးနှံကဏ္ဍ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Stakeholders များပါဝင်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။



**ဝါသီးနှံကဏ္ဍတိုးတက်ရေး**

အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူတောင်သူ၊ ဝါကြိတ်စက်လုပ်ငန်းရှင်များမှအစ ပြည်ပတင်ပို့သည့် Exporter များအထိ သင့်တင့်မျှတသည့် ဈေးနှုန်းများ၊ ထိုက်သင့်သည့် အကျိုးအမြတ်များရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တက်ရောက်လာကြသည့် ဌာနများနှင့် သက်ဆိုင်ရာ အသင်းအဖွဲ့များမှ ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြစေလိုပါကြောင်း၊ အခက်အခဲများရှိပါကလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝါဝယ်ယူရန် လျာထားမှု**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ဝါစိုက်ပျိုးထုတ်လုပ်မှု၊ နိုင်ငံပိုင်စက်ရုံများနှင့် တိုင်းရင်းသားချည်လုပ်ငန်းရှင်များက ဝါဂွမ်းဝယ်ယူရရှိမှုနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဝယ်ယူရန်လျာထားမှု၊ ပြည်ပတင်ပို့မှုနှင့် ဝါသီးနှံနှင့် ဝါဂွမ်းလက်ကျန်ကျန်ရှိမှုနှင့်ပတ်သက်ပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဝါနှင့် ဝါထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း၊ ဝါလုပ်ငန်းနှင့် ပတ်သက်သည့် အသင်းအဖွဲ့များနှင့် ဝါဂွမ်းတင်ပို့သည့် Exporter များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတက်ရောက်ရန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာအားကစားအဖွဲ့ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၁၀**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာ အားကစား အဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး ခေါင်းဆောင်သည့် မြန်မာအားကစား အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ ဝန်ကြီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။(ယာပုံ)

ယနေ့ထွက်ခွာသည့် မြန်မာအားကစားအဖွဲ့တွင် အားကစားအုပ်ချုပ်မှုအဖွဲ့ဝင် ၃၅ ဦး၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသား ဘော်လီဘောအသင်းသား ၁၆ ဦး၊ မြန်မာ့လက်ရွေးစင် ဝူရှူးအသင်းမှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦး ၊ E-Sports မှ အမျိုးသား အားကစားသမား တစ်ဦး၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးတို့ လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**





ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။

# လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၁/ ၂၀၂၂) ဖွင့်လှစ်

**နေပြည်တော် မေ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံ ပြုလုပ်နည်းသင်တန်း၊ အစားအစာ ချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြား ပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့ များတွင်လည်း အထူးသင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် သင်တန်းအပတ်စဉ် (၁/၂၀၂၂)ကို မေ ၂ ရက်မှ ဇွန် ၁၀ ရက်အထိ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၀ ကျောင်းတွင် မေ ၆ ရက်အထိ သင်တန်းသား သင်တန်းသူ ၆၀၄ ဦးနှင့် စနေ၊ တနင်္ဂနွေ အထူးသင်တန်းများတွင် သင်တန်းသား သင်တန်းသူ ၇၀ စုစုပေါင်း ၆၇၄ ဦး (သင်တန်းသား-၂၀၊ သင်တန်းသူ-၆၅၄ ဦး) တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အစဉ်ရှေးရှု ယဉ်ကျေးမှု ဂုဏ်ပြုညွှန်းဆို အနုပညာတက္ကသိုလ်

သက်ဦးမောင်(ယဉ်ကျေးမှု)




အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)။

### အနုပညာ - ပညာရေး

အနုပညာ - ပညာရေးဆိုသည်မှာ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာ၊ ရုပ်မြင်သံကြား ပညာ၊ စာပေအနုပညာ စသည်တို့နှင့် ယင်းတို့၏ ဖန်တီးမှုဆိုင်ရာများကို သင်ကြားပေးသည့် ပညာရေးဖြစ်သည်။ ယင်းတွင် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးပြင်ပလှုပ်ရှားမှုဆိုင်ရာ နှစ်ရပ်လုံးပါဝင်သည်။ အနုပညာ - ပညာရေးတွင် လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်သော အမျိုးသားရေးလိုအပ်ချက်နှင့် ယဉ်ကျေးမှုအမွေအနှစ်၏ အစိတ်အပိုင်းများပါဝင်သည်။ စိတ်ခံစားမှုများကို အနုပညာရသမှတစ်ဆင့် ဖော်ထုတ်နိုင်ရန် လေ့ကျင့်သင်ကြားပေးရင်း ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ရှေးရှုသော ပညာရေးအမျိုးအစားဖြစ်သည်။ တစ်နည်းဆိုရသော် Arts in education သည် ပညာရပ်ဆိုင်ရာ သုတေသနနှင့် လေ့ကျင့်ရေးနယ်ပယ်တစ်ခုဖြစ်ပြီး ပညာရပ်ဆိုင်ရာအတွေ့အကြုံများမှတစ်ဆင့် သင်ယူခြင်းအား စူးစမ်းလေ့လာခြင်းဖြင့် အသိပေးထားသော ပညာရေးအမျိုးအစားဖြစ်သည်။

အနုပညာနှင့် တီထွင်ဖန်တီးမှုပညာဆိုသည်မှာ ကျောင်းသားများသည် စွန့်စားရနိုင်သော၊ အမှီအခိုကင်းပြီး လိုက်လျောညီထွေရှိနိုင်သော စိတ်ကူးစိတ်သန်းအသစ်များကို ဖန်တီးရန်၊ စိတ်ကူးဉာဏ်နှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုကိုအသုံးချကာ တီထွင်ဖန်တီးသော ပညာဖြစ်သည်။ သင်ယူခဲ့သည့်အရာများကို ထပ်တလဲလဲပြောကာ သင်ကြားပေးမည့်အစား ကျောင်းသားများသည် ပြဿနာတစ်ခုအတွက် အမျိုးမျိုးသော အဖြေများကို ရှာဖွေရန်၊ ၎င်းတို့၏ စွမ်းရည်ကို မြှင့်တင်ရန် သင်ယူကြခြင်းသည် အနုပညာ - ပညာရေးပင်ဖြစ်သည်။

### အနုပညာကို သင်ကြားခြင်း

အနုပညာကိုသင်ကြား၍ ရ၏၊ မရ၏ ဆိုခြင်းကို အနုပညာရှင်များက အဖြေအမျိုးမျိုးပေးခဲ့ကြပြီးဖြစ်သည်။ အချို့က သင်ကြား၍ ရနိုင်သည်ဟုဆို၏။ အချို့က သင်ကြား၍ မရနိုင်ဟုဆို၏။ မည်သို့ဆိုစေ နိုင်ငံတကာတွင် အနုပညာသင်ကြားရေးဆိုင်ရာ သင်တန်းကျောင်းများ၊ အနုပညာတက္ကသိုလ်ကြီးများ အထင်ကရရှိနေသောကြောင့် အနုပညာကို သင်ကြားရန်လိုအပ်ကြောင်း ထင်ရှားသည်။ အနုပညာဆိုင်ရာ သီအိုရီနှင့် သဘောတရားများကို ထုတ်နုတ်ပြလျက် လက်တွေ့ဖန်တီးမှုကို လမ်းညွှန်ပြခြင်းသည်အနုပညာဆိုင်ရာ သင်ကြားမှုလုပ်ငန်းပင်ဖြစ်သည်။ အနုပညာကို သင်ကြားပေးခြင်းသည် ပိုမိုအဓိပ္ပာယ်ရှိသော တီထွင်ဖန်တီးမှုကို ဖြစ်ပေါ်စေရန် တွန်းအားပေးသည်။ မိမိကိုယ်ကိုနှင့် အခြားအရာများအပေါ် ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်လာစေသည်။ ယင်းမှတစ်ဆင့် ကျွမ်းကျင်မှုကိုဖြစ်ပေါ်စေပြီး လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပါသည်။

> ❖ **အနုပညာနှင့် တီထွင်ဖန်တီးမှုပညာဆိုသည်မှာ ကျောင်းသားများသည် စွန့်စားရနိုင်သော၊ အမှီအခိုကင်းပြီး လိုက်လျောညီထွေရှိနိုင်သော စိတ်ကူးစိတ်သန်းအသစ်များကို ဖန်တီးရန်၊ စိတ်ကူးဉာဏ်နှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို အသုံးချကာ တီထွင်ဖန်တီးသောပညာ ဖြစ်သည်**

အနုပညာသင်ကြားမှု၊ သင်ယူမှုကို တိုးတက်အောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းမှာ အနုပညာလက်ရာများနှင့် အနုပညာအတွေ့အကြုံများတွင် ပါဝင်ပတ်သက်မှု ပုံစံအမျိုးမျိုးကို အနီးကပ်ကြည့်ရှုခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအားဖြင့် လူသားတို့၏ အပြုအမူ၊ တွေးခေါ်နိုင်မှု၊ အလားအလာနှင့် သင်ယူမှုတို့ကို နားလည်သဘောပေါက်စေကာ ထပ်ဆင့်ဖန်တီးစေခြင်းပင်ဖြစ်သည်။ တီထွင်ကြံဆမှု (Innovation)နှင့်ဖန်တီးနိုင်စွမ်း (Creativity)တို့ကို ဆရာသင်ကြားညွှန်ပြသည့်အတိုင်း လေ့ကျင့်နိုင်သည်နှင့်အမျှ အနုပညာသင်ကြားမှု ပေါက်ရောက်အောင်မြင်နိုင်မည်ဖြစ်သည်။

### အနုပညာတက္ကသိုလ်များ၏ ရည်မှန်းချက်

နိုင်ငံတကာရှိအနုပညာကျောင်းများ၊ အနုပညာတက္ကသိုလ်များ၏ ယေဘုယျရည်မှန်းချက်မှာ ရိုးရှင်းသည်။ နိုင်ငံသားတို့၏ တီထွင်ဖန်တီးနိုင်စွမ်းအားကို မြှင့်တင်ရန်နှင့် ယင်းဖန်တီးနိုင်မှုစွမ်းအားများသည် မိမိတို့လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန်ဖြစ်သည်။ သို့အတွက် မိမိကိုယ်ကိုယုံကြည်မှုနှင့် ကျွမ်းကျင်မှုရှိသော အနုပညာရှင်များ လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်ပင်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့သည် မြန်မာနိုင်ငံ၏ အနုပညာသင်ကြားရေးဆိုင်ရာ တက္ကသိုလ်နှစ်ခုဖြစ်သည်။ ရည်မှန်းချက်မှာ မြန်မာ့ယဉ်ကျေးမှုသုခုမအမွေအနှစ်(သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု) နှင့် ရုပ်ရှင်နှင့်ပြဇာတ်ပညာရပ်များကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ မြှင့်တင်ခြင်း၊ ထွန်းကားပြန့်ပွားစေခြင်း၊ ပေါင်းစပ်ဖန်တီးခြင်းတို့ကို လေ့ကျင့်သင်ကြားပေးရင်း အနုပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်ပင်ဖြစ်သည်။ ထိုမှတစ်ဆင့် အနုပညာဖြင့် နိုင်ငံဂုဏ်ကိုမြှင့်တင်ရန်၊ အနုပညာဖြင့် အမျိုးသားယဉ်ကျေးမှု အစဉ်အလာများကို ပိုမိုခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုပညာဖြင့် ပြည်သူကိုအလုပ်အကျွေးပြုရင်း အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်ပင်ဖြစ်သည်။

### အနုပညာတက္ကသိုလ်သို့ တက်ရောက်လိုလျှင်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သည် ဒဂုံမြို့သစ်တောင်ပိုင်း (၂၆) ရပ်ကွက် အောင်ဇေယျလမ်းတွင် တည်ရှိသည်။ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးများနှင့် ကရင်၊ မွန်၊ ရခိုင်ပြည်နယ်များ၏ စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူများ တက်ရောက်နိုင်သည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)သည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ ရွှေစာရံဘုရားလမ်းတွင် တည်ရှိသည်။ နေပြည်တော်၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးများနှင့် ရှမ်း၊ ကချင်၊ ကယား၊ ချင်းပြည်နယ်များ၏ စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူများ တက်ရောက်နိုင်သည်။

တက္ကသိုလ်ဝင်ခွင့်အရည်အချင်းမှာ ၁၀ တန်းအောင်ဟု သတ်မှတ်သည်။ သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲ၊ အမှတ်အနည်းအများ မခွဲခြားဘဲ အနုပညာဝါသနာပါခြင်းနှင့် အနုပညာ

*စာမျက်နှာ ၁၁ သို့*



သဘင်ပညာရပ်သင်ယူလေ့ကျင့်မှု။



ဂီတပညာဌာနသင်ကြားလေ့ကျင့်မှု။



ပန်းပုပညာသင်ယူလေ့ကျင့်မှု။

# နေပြည်တော် ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၌ (၄၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ (၄၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်မြတ်ကြီး ပရိဝုဏ် မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်၊ ဂန္ဓကုဋ္ဌိ ကျောင်းဆောင်၊ အဘိသန္ဓ ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရန်အောင်မြင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒိမာအမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးနှင့် ဌာနမှူးများ၊ အလှူရှင် ဒည့်ပရိသတ်များ တက်ရောက် ကြည်ညိုကြသည်။(ယာပုံ)

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကာ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရန်အောင်မြင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒိမာ မထေရ်မြတ်ထံမှ ဒုတိယမြို့တော်ဝန် အမှူးပြုသော ဒည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး တာဝန်ရှိသူများက ဆရာတော်သံဃာတော်အရှင်သူမြတ်များထံ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းအိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တစန္ဒိမာ မထေရ်မြတ်ထံမှ ဒုတိယမြို့တော်ဝန် အမှူးပြုသော ဒည့်ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် သာဓုအနုမောဒနာ တရားနာကြား၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကာ အခမ်းအနား ရုပ်သိမ်းပြီး အလှည့်ကျပဋ္ဌာန ဘာဏကသံဃာတော်မှ မဟာပဋ္ဌာန်း ဒေသနာတော်ကြီးအား စတင်ရွတ်ဖတ်ပူဇော်ကာ ပဋ္ဌာန်းပူဇော်ပွဲကို ၂၀၂၂ ခုနှစ် မေ ၁၄ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



---

*စာမျက်နှာ ၁၀ မှ*

ဗီဇရှိသူကို ရွေးချယ်လက်ခံသည်။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲနှင့် လူတွေ့စစ်ဆေးမှုကို ခံယူရမည်ဖြစ်သည်။

ကျောင်းတက်ရောက်ခွင့်ရပြီဆိုလျှင် ပထမနှစ်ဝက်ကို နိုဝင်ဘာ ၁ ရက်မှ မတ် ၃၀ ရက်အထိ တက်ရောက်ပြီး ဧပြီတွင် ကျောင်းတစ်လပိတ်ကာ ဒုတိယနှစ်ဝက်ကို မေ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ တက်ရောက်ကြရမည်ဖြစ်သည်။ အောက်တိုဘာတစ်လကျောင်းပိတ်သည်။ မတ်နှင့် စက်တင်ဘာတို့တွင် ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက်စာမေးပွဲများကို စာတွေ့နှင့် လက်တွေ့ နှစ်မျိုး ဖြေဆိုကြရမည်ဖြစ်ပါသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် ဘွဲ့လွန်ဒီပလိုမာသင်တန်းများ (PGDA,PGDM, PGDAA, PGDLM)များနှင့် အနုပညာ ကွန်ပျူတာဒီပလိုမာ (Dip.CA– Computer Art) တို့ကိုပါ တက်ရောက်သင်ကြားနိုင်ပါသည်။ ကျောင်းတက်ရောက်လိုသူ၊ သင်တန်းတက်ရောက်လိုသူများ အနေဖြင့် သင်တန်းရေးရာဌာန (ဖုန်း–၀၉–၄၂၁၀၁၂၈၀၈/ ၀၁၃–၅၉၀၂၅–ရန်ကုန်နှင့် ၀၉ –၂၅၀၇၀၀၅၁၅/ ၀၈၅–၄၀၁၈၄) တို့ကို အသေးစိတ်စုံစမ်းမေးမြန်းနိုင်ပါသည်။



ရုပ်ရှင်နှင့်ပြဇာတ်ပညာသင်ယူလေ့ကျင့်မှုရိုက်ကွင်း။

### သင်ကြားပေးမှုနှင့်ဘွဲ့အပ်နှင်းမှု

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)မှ ဂီတပညာ၊ သဘင်ပညာ၊ ပန်းချီပညာ၊ ပန်းပုပညာ၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို သင်ကြားပေးသည်။ ဂီတပညာရပ်တွင် ဂီတဗေဒ၊ ကမ္ဘာ့ဂီတသင်္ကေတ၊ အဆိုပညာ၊ တိုင်းရင်းသားရိုးရာဂီတ၊ ဂီတဖွဲ့သီမှု ဘာသာရပ်များသင်ကြားရသည်။ သဘင်ပညာရပ်တွင် အကနှင့် အကဗေဒ၊ ဇာတ်ပို့တေးဂီတ (မဟာဂီတအဆိုနှင့် ပတ္တလားအတီးလက်တွေ့)၊ ဇာတ်ညွှန်းရေးခြင်းပညာ၊ ဇာတ်စင်ညွှန်ကြားမှုပညာ၊ မြန်မာ့ရိုးရာဇာတ်ကြီးပညာ၊ မြန်မာ့ရိုးရာရုပ်သေးပညာများ သင်ကြားရသည်။ ပန်းချီပညာရပ်တွင် ပန်းချီသမိုင်း၊ ရသခံစားမှု၊ အခြေခံပုံဆွဲပညာ၊ ပန်းချီနည်းပညာ၊ ဒီဇိုင်း၊ မြန်မာ့ရိုးရာပန်းချီ၊ ရသပန်းချီ၊ လုပ်ငန်းပန်းချီပညာရပ်များသင်ကြားရသည်။ ပန်းပုပညာရပ်တွင် ပန်းပုပညာသမိုင်း၊ ပန်းပုနည်းပညာ၊ မြန်မာ့ရိုးရာပန်းပု၊ ခန္ဓာဗေဒ၊ အခြေခံပုံဆွဲ၊ ပုံဖော်နည်းပညာ၊ ခေတ်ပြိုင်ပန်းပုတို့ကို သင်ကြားရသည်။ ရုပ်ရှင်နှင့်ပြဇာတ်ပညာရပ်တွင် ဇာတ်လမ်းဇာတ်ညွှန်းပညာ၊ စီစဉ်ညွှန်ကြားမှုဒါရိုက်တာပညာ၊ ရုပ်ရှင်ဓာတ်ပုံပညာ၊ သရုပ်ဆောင်ပညာ၊ တည်းဖြတ်ပညာရပ်များသင်ကြားရပါသည်။

ဝါသနာပါရာ၊ နှစ်သက်ရာပညာရပ်တစ်ခုကို ရွေးချယ်သင်ယူနိုင်ပြီး ဘွဲ့ကြိုသင်တန်း လေးနှစ်ပြီး၍ အောင်မြင်လျှင် ဝိဇ္ဇာဘွဲ့(ဂီတ)၊ ဝိဇ္ဇာဘွဲ့(သဘင်)၊ ဝိဇ္ဇာဘွဲ့(ပန်းချီ)၊ ဝိဇ္ဇာဘွဲ့(ပန်းပု)၊ ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်)ဘွဲ့များ အပ်နှင်းသည်။ အရည်အချင်းပြည့်မီပါက မဟာဝိဇ္ဇာဘွဲ့ကြိုသင်တန်း ဆက်လက်တက်ရောက်နိုင်သည်။ ဘွဲ့ယူ လက်ရာမွန်စွမ်းရည်ပြပွဲနှင့် စင်တင်တင်ဆက်ပွဲကို အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြီးဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဘွဲ့အပ်နှင်းပွဲ ကျင်းပသည်။

### ပျော်ရွှင်မှု၊ အောင်မြင်မှုနှင့် အခွင့်အလမ်း

တက္ကသိုလ်စတက်သည်နှင့် မောင်မယ် သစ်လွင်ကြိုဆိုပွဲနှင့် တက္ကသိုလ်မိတ်ဆက် ရက်သတ္တပတ်ပျော်ပွဲရွှင်ပွဲက ဦးစွာကြိုဆိုနေမည်ဖြစ်သည်။ နောင်တော်စီနီယာကျောင်းသားများ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ကြည့်ရှုကြရမည်။ စာသင်နှစ်တစ်နှစ်အတွင်း ဘာသာရပ်ဆိုင်ရာအနုပညာပြပွဲ၊ ပြိုင်ပွဲများ၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ မေဂျာပေါင်းစုံဘောလုံးပြိုင်ပွဲများကို ဝါသနာပါရာ ဆင်နွှဲနိုင်ကြသည်။ စာသင်နှစ်တစ်နှစ် (မတ်လနောက်ဆုံးပတ်တွင်) ချစ်သူလမ်းကြားမှ တက္ကသိုလ်သင်္ကြန်ပွဲကိုလည်း ပါဝင်ဆင်နွှဲနိုင်ပြီး ရေတစ်ခါလောင်းရုံဖြင့် တစ်ဘဝလုံးစိုနေစေမည့် အမှတ်တရပျော်ရွှင်မှုမျိုး ခံစားကြရပေလိမ့်မည်။

အနုပညာတက္ကသိုလ်ကျောင်းသားဘဝတွင် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်ဖျော်ဖြေခွင့်၊ လေ့လာခွင့် အခွင့်အလမ်းများ ရရှိနိုင်သည်။ နိုင်ငံတော်အဆင့် ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများတွင် ပါဝင်ခွင့်၊ ကူညီခွင့်ရရှိကြမည်။ အခါအားလျော်စွာ နိုင်ငံတကာအနုပညာတက္ကသိုလ်များ၊ ကျောင်းများမှ ပညာရှင်ကြီးများလာရောက်ကာ ဟောပြောခြင်း၊ ဆွေးနွေးခြင်း၊ သင်တန်းပို့ချခြင်းများကိုလည်း လေ့လာမှတ်သားသင်ကြားခွင့်ရရှိကြမည် ဖြစ်သည်။

အနုပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ဖြစ်သဖြင့် ကျောင်းပြီးလျှင် လုပ်ငန်းခွင်နယ်ပယ်အသီးသီးသို့ ယုံကြည်မှု၊ ရဲဝံ့မှု၊ ကျွမ်းကျင်မှုတို့ဖြင့် ပညာရဲရင့်ပွဲလယ်တင့်ကာ ခေါင်းမော့အလုပ်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊မန္တလေး) မှ ကျောင်းဆင်းဘွဲ့ရ ကျောင်းသားကျောင်းသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် နိုင်ငံ့ဝန်ထမ်းများ အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အနုပညာနယ်ပယ်အသီးသီးတွင် အနုပညာရှင်၊ အတတ်ပညာရှင်အများဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိကြပါသည်။

### ဂုဏ်ယူစရာ အနုပညာကျောင်းသားကျောင်းသူ


နိုင်ငံတည်ဆောက်ရေးတွင် ယဉ်ကျေးမှုသည် အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်နေကြောင်း နိုင်ငံတိုင်းက ခံယူထားသည်။ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော နိုင်ငံတိုင်း အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားယဉ်ကျေးမှုကို ဦးစားပေးဆောင်ရွက်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတည်ရှိမှု၏ သမိုင်းအစဉ်အလာနှင့် နိုင်ငံ၏ဂုဏ်သိက္ခာ အမျိုးသားရေးစရိုက်လက္ခဏာတို့သည် ယဉ်ကျေးမှုတည်းဟူသော နိုင်ငံ၏အသက်ဝိညာဉ်အပေါ် တည်မှီနေသောကြောင့်ဖြစ်သည်။

အနုပညာတက္ကသိုလ်ကျောင်းဆင်းလူငယ်မောင်မယ်များသည် အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်သော၊ တီထွင်ကြံဆမှု၊ ဖန်တီးနိုင်မှုစွမ်းပကားဖြင့် နိုင်ငံ၏ တိုးတက်မှုကို ရှေးရှုနိုင်သော နိုင်ငံသားကောင်းများအဖြစ် ဝမ်းမြောက်ဂုဏ်ယူကြရမည် ဖြစ်ပါသည်။ ။

---

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။



# စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၅ | ၂၀၆၀ | ၂၀၅၅ | ၂၀၂၀ | ၂၀၆၀ | ၂၀၈၀ | ၂၀၆၅ | ၂၀၄၅ | ၂၁၄၀ | ၂၁၅၅ | ၂၀၅၀ | ၂၀၆၀ | ၂၀၉၅ | ၂၀၉၅ | ၂၁၀၀ | ၂၃၁၅ | ၂၃၆၀ |
| 95 Ron | ၂၀၆၅ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၂၀ | ၂၀၉၅ | ၂၁၉၀ | ၂၂၀၅ | ၂၁၀၅ | ၂၁၂၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၇၀ | ၂၄၉၅ |
| HSD (500 ppm) | ၂၂၂၀ | ၂၂၆၅ | ၂၂၆၀ | ၂၂၃၀ | ၂၂၆၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၅၀ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၂၅ | ၂၅၆၅ |
| HSD (50 ppm) | ၂၂၅၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၈၀ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၀ | ၂၅၅၀ | ၂၆၀၀ |
| HSD (10 ppm) | ၂၂၅၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၈၀ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၀ | ၂၅၅၀ | ၂၆၀၀ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၄ | ၁၉၈၆ |
| 95 Ron | ၁၉၆၅ | ၂၀၃၈ |
| HSD (500 ppm) | ၂၁၁၅ | ၂၁၈၇ |
| HSD (50 ppm) | ၂၁၄၂ | ၂၂၁၅ |
| HSD (10 ppm) | ၂၁၄၂ | ၂၂၁၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဟောင်း ဦးဘိုဘိုငယ်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဟောင်း ဦးဘိုဘိုငယ်၏ လုပ်ငန်းဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများ ရှိနေသောကြောင့် ဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ဦးဘိုဘိုငယ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ဒုတိယဥက္ကဋ္ဌတာဝန်ဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၊ ဘဏ်လုပ်ငန်း ကြီးကြပ်စစ်ဆေးရေးဌာနနှင့် စာရင်းဌာနတို့ကို ကြီးကြပ်ဆောင်ရွက်ခဲ့စဉ် နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့် လိုင်စင်ရဘဏ်များက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အမေရိကန်ဒေါ်လာ တစ်သောင်းထက်ပိုသည့် နိုင်ငံခြားသုံးငွေ လွှဲပြောင်းမှုများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ခွင့်ပြုချက်တောင်းခံခြင်းနှင့် ငွေကြေးဆိုင်ရာမှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ သတင်းပေးပို့ခြင်းအတွက် ကြီးကြပ်ရန်တာဝန်ရှိကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၀ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ကာလအတွင်း နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့် လိုင်စင်ရဘဏ်များက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ Electronic Reporting System-ERS စနစ်ဖြင့် သတင်းပေးပို့ထားသည့် ပြည်ပမှ ဝင်ရောက်သည့် အမေရိကန်ဒေါ်လာ တစ်သောင်းနှင့်အထက် ငွေလွှဲပြောင်းမှုအကြိမ်ပေါင်း ၂၉၀,၀၀၀ ကျော် (ငွေတန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၇၀,၀၀၀ ကျော်)ရှိကြောင်း၊ ၎င်းငွေလွှဲပြောင်းမှုများအနက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ခွင့်ပြုချက်တောင်းခံမှု ၃၅၂ ကြိမ်နှင့် ငွေကြေးဆိုင်ရာမှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ သတင်းပေးပို့မှု ၉ ကြိမ်သာရှိခဲ့သဖြင့် နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်ရဘဏ်များအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ကြီးကြပ်မှုအားနည်းခဲ့ကြောင်း၊ ခွင့်ပြုချက်တောင်းခံခဲ့သည့် ငွေလွှဲပြောင်းမှုများအနက်မှ ၇ ခု (ငွေတန်ဖိုး အမေရိကန်ဒေါ်လာ ၇၃ သန်းကျော်၊ ဂျပန်ယန်း သန်း ၃၀ ကျော်၊ ယူရို ၁ သိန်းကျော်)ကို ကောက်နုတ်စိစစ်ခဲ့ရာ သက်ဆိုင်ရာပုဂ္ဂိုလ်နှင့်ကုမ္ပဏီများထံမှ တံဆိပ်ခေါင်းအခွန် တစ်မျိုးတည်းအတွက်ပင် နိုင်ငံတော်အနေဖြင့် ငွေကျပ် ၁၀၂ သန်းကျော် နစ်နာမှုဖြစ်ပေါ်ခဲ့ကြောင်း။

၂၀၁၈ ခုနှစ်အတွင်း Small and Medium Enterprises Development (SMED) ဘဏ်သို့ အမေရိကန်ဒေါ်လာ ၅ သန်း ဝင်ရောက်ခဲ့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ERS စနစ်ဖြင့် သတင်းပေးပို့ခဲ့သော်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြီးကြပ်နိုင်ခြင်းမရှိဘဲ Open Society Myanmar-OSM ၏ ငွေစာရင်းသို့ ထည့်သွင်းပေးခဲ့ပြီး ယင်းငွေစာရင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်းကျော်နှင့်ညီမျှသည့် မြန်မာကျပ်ငွေ သန်း ၁၉၀၀ ကျော်ကို OSM တာဝန်ရှိသူများက ထုတ်ယူခဲ့ခြင်း၊ SMED ဘဏ်မှ OSM က ထုတ်ယူခဲ့သည့် မြန်မာကျပ်ငွေသန်း ၁၉၀၀ ကျော်အပေါ် ပြည်တွင်းအခွန်များဦးစီးဌာန၏ တွက်ချက်မှုအရ ဝင်ငွေခွန်တစ်မျိုးတည်းအတွက်ပင် ငွေကျပ်သန်း ၃၆၀ ကျော် ကောက်ခံနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရသော်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်ကွပ်ကဲမှုအားနည်းခြင်းကြောင့် အခွန်ငွေမကောက်ခံနိုင်ဘဲ နိုင်ငံတော်၏ ဘဏ္ဍာငွေနစ်နာဆုံးရှုံးခဲ့ကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများက ချေးငွေရရှိသည့် အမေရိကန်ဒေါ်လာ သန်း ၃၅၀ ကို အတိုးနှုန်းပိုရသည့် ဘဏ်တွင် အပ်နှံရန် ဦးဘိုဘိုငယ်ထံ တင်ပြခဲ့သော်လည်း ၎င်းတစ်ဦးတည်း၏ ဆုံးဖြတ်ချက်ဖြင့် စင်္ကာပူနိုင်ငံ SMBC ဘဏ်သို့ အပ်နှံစေခဲ့ရာ ဘဏ်နှစ်ခု၏ အတိုးနှုန်းနှိုင်းယှဉ်ချက်အရ နိုင်ငံတော်အနေဖြင့် အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၉ သန်းကျော် (ငွေကျပ် ၆၆၅ သန်းကျော်) နစ်နာဆုံးရှုံးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဟောင်း ဦးဘိုဘိုငယ်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

## အမ်းမြို့နယ်တွင် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**အမ်း မေ ၁၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် အမ်းမြို့နယ် ဆင်ခုံတိုင်ကျေးရွာအနီးတွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို အမ်းမြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး ဒေသတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရေး၊ ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရေး၊ ပြည်သူများ သစ်တောသစ်ပင်များကို ပိုမိုချစ်ခင်တန်ဖိုးထားတတ်လာစေရေး၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရေး ရည်ရွယ်၍ သက်တမ်းရင့် အမြင့်နှစ်ပေနှင့်အထက် ပျဉ်းကတိုး ၅၄၀ အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။ သစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများအပါအဝင် တက်ရောက်လာ စုစုပေါင်း ၁၂၀ ခန့်က သတ်မှတ်ထားသည့် နေရာများတွင် တစ်ပြိုင်နက် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ကိုရီးယားနိုင်ငံ၏ ၂၀ ဦးမြောက် သမ္မတအဖြစ် ယွန်ဆုခ်ယော် ကျမ်းသစ္စာကျိန်ဆို

**ဆိုးလ် မေ ၁၀**

ကွန်ဆာဗေးတစ်ပြည်သူ့အင်အားပါတီမှ ယွန်ဆုခ်ယော်သည် တောင်ကိုရီးယားနိုင်ငံ၏ ၂၀ ဦးမြောက် သမ္မတအဖြစ် မေ ၁၀ ရက်က ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။ အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ဆိုးလ်မြို့ရှိ အမျိုးသားလွှတ်တော်အဆောက်အအုံတွင် ကျင်းပခဲ့ပြီး ပြည်သူ ၄၀၀၀၀ ကျော် တက်ရောက်ခဲ့သည်။

မတ်လတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် ကျဉ်းမြောင်းသော ရလဒ်ဖြင့် ပြိုင်ဘက်ကို အနိုင်ရရှိခဲ့သည့် ယွန်သည် အသက် ၃၅ နှစ်အရွယ်တွင် အစိုးရရှေ့နေအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး နိုင်ငံရေးအင်အားကြီးသူများနှင့် စီးပွားရေးအင်အားကြီးသူများကို စုံစမ်းထောက်လှမ်းခြင်းအားဖြင့် ကျော်ကြားလာခဲ့သူဖြစ်သည်။

သမ္မတ ပတ်ဂွမ်ဟေးလ်နှင့် ၎င်း၏ လူယုံတော် ချွိုင်ဆွန်ဆေးလ်တို့ ပါဝင်သော သြဇာလွှမ်းမိုးမှု အရှုပ်တော်ပုံကို စုံစမ်းစစ်ဆေးခဲ့သည့် ယွန်သည် နောက်ပိုင်းတွင် လွတ်လပ်သော အတိုင်ပင်ခံအဖွဲ့၏ စုံစမ်းစစ်ဆေးရေးအဖွဲ့ အကြီးအကဲဖြစ်လာခဲ့သည်။ ၂၀၁၇ ခုနှစ် မေလတွင် ရွေးကောက်ခံသမ္မတ မွန်ဂျေအင်းသည် ယွန်ကို ဆိုးလ်ဗဟိုခရိုင်အစိုးရရှေ့နေရုံး၏ အကြီးအကဲအဖြစ် ခန့်အပ်ခဲ့သည်။

ထို့နောက်တွင် ယွန်၏ ရုံးသည် လူထုအမြင်ကို ခြယ်လှယ်သည့်အမှုအား ပြန်လည်စစ်ဆေးခဲ့ပြီး ရဲတပ်ဖွဲ့နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့၏ ပါဝင်ပတ်သက်မှုကို ဖော်ထုတ်နိုင်ခဲ့သည်။ ထို့အပြင် လာဘ်စားမှုဖြင့် သမ္မတဟောင်း လီမြောင်ဘတ်ကို ဖမ်းဆီးနိုင်ခဲ့သလို တရားရုံးချုပ်တရားသူကြီးဟောင်း ရန်ဆောင်တေးကိုလည်း အာဏာအလွဲသုံးစားမှုဖြင့် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

**ဆင်ဟွာ**



ကျမ်းသစ္စာကျိန်ဆိုပွဲတွင် တွေ့ရသည့် ယွန်ဆုခ်ယော်။

# သီရိလင်္ကာ၌ လွှတ်တော်ပြန်လည်ကျင်းပရန် သမ္မတကို လွှတ်တော်ဥက္ကဋ္ဌ တိုက်တွန်း

**ကိုလံဘို မေ ၁၀**

သီရိလင်္ကာလွှတ်တော် ဥက္ကဋ္ဌ မဟင်ဒါယာပါ အဘေးဝါဒီနာက သမ္မတ ဂိုတာဘာယာ ရာဂျာပက်ခ်ဆာကို လွှတ်တော်ကို ပြန်လည်ကျင်းပရန်နှင့် နိုင်ငံတွင်းဖြစ်ပေါ်နေသော နိုင်ငံရေးမတည်ငြိမ်မှုများကို အဖြေရှာရန် မေ ၁၀ ရက်က တိုက်တွန်းပြောကြားလိုက်သည်။



ယခင်ကျင်းပခဲ့သည့် သီရိလင်္ကာလွှတ်တော်အစည်းအဝေးကို တွေ့ရစဉ်။

လွှတ်တော်ဥက္ကဋ္ဌ အဘေးဝါဒီနာက ဝန်ကြီးချုပ်အသစ်နှင့် ဝန်ကြီးများကို ချက်ချင်းခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကို ချက်ချင်းပြန်လည်ကျင်းပရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

နိုင်ငံရေးခေါင်းဆောင်များ၏ အစည်းအဝေးကို လွှတ်တော်အဆောက်အအုံတွင် မေ ၁၁ ရက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ အဘေးဝါဒီနာက ပြောသည်။

လွှတ်တော်အဆောက်အအုံရှေ့တွင် ဆန္ဒပြသူများစုဝေးပြီး လက်ရှိဖြစ်ပွားနေသော စီးပွားရေးဆိုင်ရာ အကျပ်အတည်းကို အဖြေရှာရန် တောင်းဆိုသောကြောင့် လွန်ခဲ့သော သီတင်းပတ်က လွှတ်တော်ဥက္ကဋ္ဌသည် မေ ၁၇ ရက်အထိ လွှတ်တော်ကို ရပ်ဆိုင်းခဲ့သည်။

အကြမ်းဖက် ဆန္ဒပြမှုများဖြစ်ပွားနေချိန် သီရိလင်္ကာဝန်ကြီးချုပ် မဟင်ဒါ ရာဂျာပက်ဆာသည် ရာထူးမှ နုတ်ထွက်ခဲ့သည်။ ထို့အတူ နိုင်ငံအနှံ့ ညမထွက်ရအမိန့်များကို မေ ၁၁ ရက်အထိ ချမှတ်လိုက်သည်။

မေ ၉ ရက်က အကြမ်းဖက် ဆန္ဒပြမှုများကြောင့် ခုနစ်ဦး သေဆုံးခဲ့ပြီး ၂၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် တာဝန်ပေးအပ်ထားသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအဆင့်ကို အဆင့်လေးအထိ သတ်မှတ်ခဲ့

**ပေကျင်း မေ ၁၀**

တရုတ်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေအရင်းအမြစ်ဝန်ကြီးဌာနက မေ ၁၀ ရက်တွင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအဆင့်ကို အဆင့်လေးအထိ သတ်မှတ်ခဲ့သည်။

မေ ၁၀ ရက် မွန်းလွဲ ၂ နာရီမှ မေ ၁၁ ရက် မွန်းလွဲ ၂ နာရီအထိ ဂွမ်ရှီး၊ ဂွမ်ဒေါင်း၊ ကျန်ရှီးနှင့် ဖူကျန်ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်လာမည်ဟု အမျိုးသားမိုးလေဝသဌာနက ခန့်မှန်းထားသည်။

တချို့ဒေသများတွင် တစ်နာရီလျှင် မိုးရေချိန် ၆၀ လက်မအထိ ရောက်ရှိလာနိုင်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းစဉ် မိုးကြိုးမုန်တိုင်းများလည်း ကျရောက်နိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက ဆက်လက်သတင်းထုတ်ပြန်ထားသည်။

သဘာဝဘေးကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်နိုင်ရန် ဂွမ်ဒေါင်းနှင့် ဂွမ်ရှီးဒေသများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့များကို စေလွှတ်ထားသည်။

တရုတ်နိုင်ငံတွင် ရေကြီးမှုများကိုထိန်းချုပ်ရန် အရေးပေါ်တုံ့ပြန်ဆောင်ရွက်သည့်အဆင့် လေးဆင့်ရှိပြီး အဆင့် ၁ သည် အပြင်းထန်ဆုံးဖြစ်သည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ကပ်ဘေးသင့်ချိန်မှစကာ အမေရိကန်ပြည်ထောင်စု၌ ကလေးငယ် ၁၃ သန်းကျော် ကိုဗစ်-၁၉ စမ်းသပ်တွေ့ရှိ

**ဝါရှင်တန် မေ ၁၀**

ကိုဗစ် - ၁၉ ကပ်ဘေးသင့်ချိန်မှစကာ အမေရိကန်ပြည်ထောင်စုတွင် ကလေးငယ် ၁၃ သန်းကျော် ကိုဗစ်-၁၉ စမ်းသပ်တွေ့ရှိခဲ့ကြောင်း အမေရိကန်ကလေးဆေးပညာနှင့် ကလေးဆေးရုံများအဖွဲ့၏ နောက်ဆုံးဖော်ပြချက်အရ သိရသည်။

မေ ၅ ရက်တွင် အဆုံးသတ်ခဲ့သော ရက်သတ္တပတ်အထိ နောက်ထပ် ကလေးငယ်ပေါင်း ၆၂၀၀၀ ကျော် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့သည်။ ကလေးများ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်ကထက် ၆၉ ရာခိုင်နှုန်း တိုးလာကြောင်း မေ ၉ ရက်နှောင်းပိုင်းတွင် ထုတ်ပြန်ခဲ့သော အမေရိကန်ကလေးဆေးပညာနှင့် ကလေးဆေးရုံများအဖွဲ့၏ နောက်ဆုံးဖော်ပြချက်အရ သိရသည်။

အမေရိကန်ပြည်ထောင်စု၌ ကလေးများတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် သီတင်းပတ်လေးပတ်ဆက်တိုက် တိုးလာခဲ့သည်။

လွန်ခဲ့သော သီတင်းပတ်လေးပတ်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသော ကလေးငယ်ပေါင်း ၁၈၆၀၀၀ ခန့် တိုးလာခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသော ကလေးငယ်ပေါင်း ၅ ဒသမ ၂ သန်းနီးပါးအထိ ရှိလာကြောင်း အစီရင်ခံစာအရ သိရသည်။

နောက်ထပ် ကိုဗစ်-၁၉ မျိုးစိတ်သစ်နှင့် ဆက်စပ်လျက်ရှိသော ပြင်းထန်သောဖျားနာမှုများကို အကဲဖြတ်ရန်၊ နောက်ထပ် အသက်အပိုင်းအခြား အသေးစိတ်အချက်အလက်များကို စုဆောင်းရန် အရေးတကြီးလိုအပ်လျက်ရှိကြောင်း အမေရိကန်ကလေးဆေးပညာနှင့် ကလေးဆေးရုံများအဖွဲ့က ပြောကြားလိုက်သည်။

**ဆင်ဟွာ**



အမေရိကန်ပြည်ထောင်စု မီချီဂန်တွင် အသက်ခြောက်နှစ်အရွယ်ကလေးငယ်ကို ဖိုက်ဇာ-ဘီအွန်တက်ခ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေမှုကို မိခင်က နှစ်သိမ့်အားပေးနေသည်ကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ၌ ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသက်သာပြီး ဆေးရုံမှ ဆင်းလာသူ ၄၂၅၆၃၉၄၉ ဦးရှိ

**နယူးဒေလီ မေ ၁၀**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၂၈၈ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၀ ဦးရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၂၄၁၀၃ ဦးအထိ ရှိလာခဲ့သည်။

ထို့အပြင် နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၉၆၃၇ ဦးရှိသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၆၆ ဦး ကျဆင်းသွားခဲ့သည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသက်သာပြီး ဆေးရုံမှ ဆင်းလာသူ ၄၂၅၆၃၉၄၉ ဦးရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပွဲစဉ်ယှဉ်ပြိုင်မှု ကြည့်ရှုအားပေး

**ဗီယက်နမ် မေ ၁၀**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က) ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ Viet Tri ဘောလုံး အားကစားကွင်း၌ မြန်မာ U-23 အသင်းနှင့် ဖိလစ်ပိုင် U-23 အသင်းတို့





ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဗီယက်နမ်ဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးကျော်စိုးဝင်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်အောင်ဇေယျနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှု အားပေးသည်။**(အောက်ဝဲပုံ)**

ပြိုင်ပွဲတွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုး- နှစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့ရာ ပထမပိုင်း စတင်ပြီး နှစ်မိနစ်အကြာတွင် မြန်မာ အသင်းမှ ဝင်းနိုင်ထွန်းက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ အနိုင်ဂိုးများကို ဒုတိယပိုင်း ၅၁ မိနစ်တွင် လွင်မိုးအောင်က လည်းကောင်း၊ ၅၄ မိနစ်တွင် စိုးမိုးကျော်ကလည်းကောင်း ထပ်မံသွင်းယူခဲ့သည်။

လက်ရှိတွင် မြန်မာ အသင်းသည် နှစ်ပွဲကစား နှစ်ပွဲအနိုင်ရလဒ်ဖြင့် အုပ်စု အဆင့် ၁ နေရာ၌ ရပ်တည်လျက်ရှိပြီး မေ ၁၃ရက်တွင်အိမ်ရှင် ဗီယက်နမ်အသင်းနှင့် လည်းကောင်း၊ အုပ်စုနောက်ဆုံး ပွဲစဉ်အဖြစ် မေ ၁၅ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစား မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အကယ်ဒမီများအတွက် လူရွေးပွဲများ ပြုလုပ်နေ

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)၊ မြန်မာဘောလုံး အကယ်ဒမီ (ပုသိမ်) နှင့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)တို့အတွက် လူရွေးပွဲများကို မေ ၅ ရက်မှ ၁၅ ရက်အထိ ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာဘောလုံး အကယ်ဒမီ (ပုသိမ်) အတွက် လူရွေးပွဲကို မေ ၅၊ ၆၊ ၇ ရက်တွင် ကျောက်တိုင် အားကစားကွင်း၊ အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)အတွက် လူရွေးပွဲကို မေ ၈၊ ၉၊ ၁၀ ရက်တွင် သုဝဏ္ဏကွင်း၌ ပြုလုပ်ခဲ့ပြီး မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး) အတွက် လူရွေးပွဲကို မေ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တွင် အကယ်ဒမီလေ့ကျင့်ရေးကွင်းတို့၌ ပြုလုပ်သွားမည်ဖြစ်သည်။

ကျင်းပ ပြီးစီးသွားသော မြန်မာဘောလုံး အကယ်ဒမီ (ပုသိမ်) နှင့် အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်) အတွက် လူရွေးပွဲများတွင် စုစုပေါင်း ၂၅၀ ကျော် လာရောက်ရွေးချယ်ခံခဲ့ကြောင်း သိရသည်။ ယင်းလူရွေးပွဲတွင် အသက် ၁၁၊ ၁၂ နှစ်အောက် (၂၀၁၀၊ ၂၀၁၁ ခုနှစ်ဖွား)၊ အသက် ၁၃ နှစ်အောက် (၂၀၀၉ ခုနှစ်ဖွား)၊ အသက် ၁၄ နှစ်အောက် (၂၀၀၈ ခုနှစ်ဖွား)၊ အသက် ၁၅ နှစ်အောက် (၂၀၀၇ ခုနှစ်ဖွား) စသည့် သက်တမ်း လေးခုအတွက် ရွေးချယ်နေခြင်း ဖြစ်သည်။ လာရောက် ရွေးချယ်ခံနေသည့် ကျောင်းသားသစ်များကို နံပတ် (၁) ဘောလုံးတော့ခြင်း၊ ဘောလုံး ပေးပို့ခြင်း၊ ဘောလုံးထိန်းသိမ်းခြင်း၊ ဘောလုံးလိမ်ခေါက်ဆွဲပြေးခြင်း၊ ဘောလုံးဆွဲပြေးခြင်း၊ ဘောလုံး ကန်သွင်းခြင်း၊ (၂) တစ်သင်း ခုနစ်ဦး၊ ရှစ်ဦး၊ ၁၁ ဦးစီ ပါဝင်မည့် ကွင်းငယ်ပွဲစဉ်ကစားခြင်း၊ (၃) ကာယ ကြံ့ခိုင်မှု စိစစ်ခြင်းနှင့် (၄) ဘောလုံးနှင့် သက်ဆိုင်သည့် ဗဟုသုတ စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ မေ ၁၂ ရက်မှ ၁၅ ရက်အထိ ပြုလုပ်မည့် မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး) အတွက် လူရွေးပွဲတွင် လာရောက် ရွေးချယ်ခံလိုသူများ အနေဖြင့် မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမင်းဦးကြိုင် (ဖုန်း-၀၉-၅၀၃၅၁၄၃)၊ နည်းပြဆရာများဖြစ်သည့် ဦးကိုကို (ဖုန်း-၀၉-၂၅၉၂၂၇၈၂၀) နှင့် ဦးရဲနိုင်စိုး (၀၉-၄၀၂၇၅၁၀၆၈) သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အနေဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ရွေးချယ်ခြင်းဖြစ်ပြီး ရွေးချယ်ခံရသည့် ကျောင်းသားများသည် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ စီစဉ်ပေးမှုဖြင့် ဘောလုံးပညာနှင့် အတန်းပညာတို့ကို အကယ်ဒမီကျောင်းတွင် ကျောင်းအိပ် ကျောင်းစားဖြင့် သင်ယူရမည်ဖြစ်ပြီး လစဉ်ထောက်ပံ့ကြေး အပါအဝင် အခြားသော သင်ကြားရေးနှင့် သက်ဆိုင်သည့် ထောက်ပံ့မှုများကိုလည်း ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကစားသမားများ၏ ကြိုးစားအားထုတ်မှုနှင့် အရည်အချင်းအရ သက်တမ်းအလိုက်နှင့် စီနီယာ မြန်မာ့လက်ရွေးစင် ကစားသမားအဖြစ် ရွေးချယ်ခံရနိုင်သလို ပရော်ဖက်ရှင်နယ် ကစားသမားအဖြစ် ပြည်တွင်း/ပြည်ပ ကလပ်အသင်းများတွင် ကစားခွင့်ရနိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရခဲ့သည့် မြန်မာအသင်းမှ အောင်သူ၊ ကျော်မင်းဦး အပါအဝင် လက်ရှိ မြန်မာ့လက်ရွေးစင်များဖြစ်သည့် ဝင်းနိုင်ထွန်း၊ ထက်ဖြိုးဝေ တို့ကို မြန်မာဘောလုံး အကယ်ဒမီများမှ ကစားသမားကောင်းများ အဖြစ် မွေးထုတ်ပေးနိုင်ခဲ့သည်။

**ကိုညီလေး**

# မြန်မာအမျိုးသမီးဘောလုံးအသင်း ပွဲဦးထွက်ပွဲတွင် လာအိုအသင်းကို ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မေ ၁၀**

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို မေ ၁၀ ရက်က ဗီယက်နမ်နိုင်ငံ၌ကျင်းပရာ မြန်မာအသင်းက လာအိုအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းနှင့် လာအိုအသင်းပွဲကို ပုံမှန်အရ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ရမည် ဖြစ်သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာစံတော်ချိန် ည ၉ နာရီသို့ ပြောင်းလဲကစားခြင်းဖြစ်သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် မေဇင်နွယ် (ဂိုး)၊ အေးအေးမိုး၊ ခင်သန်းဝေ၊ ဖြူဖြူဝင်း၊ ဇွန်ယုယဦး၊ ခင်မိုမိုထွန်း၊ နော်ထက်ထက်ဝေ၊ ခင်မာလာထွန်း၊ မြတ်နိုးခင်၊ ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်တို့ ပါဝင်ခဲ့သည်။ လာအိုအသင်း၏ ခံစစ်ဦးစားပေးကစားပုံကြောင့် မြန်မာအသင်းသည် ပွဲစကတည်းက ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် ပထမဂိုးကို မိနစ် ၃၀ တွင် ဝင်းသိင်္ဂီထွန်းက သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၅၇ မိနစ်နှင့် ၆၈ မိနစ်တို့တွင် အသင်းခေါင်းဆောင် ခင်မာလာထွန်းက ဂိုးသွင်းယူခဲ့သည်။

အုပ်စု (ခ) အခြားပွဲတွင် ထိုင်းအသင်းက စင်ကာပူအသင်းကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၁၃ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

○ *ကျောဖုံးမှ*

ကျေနပ်စရာဖြစ်ပြီး ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့် ဆီမီးဖိုင်နယ် တက်ရောက်ရေး အဆုံးအဖြတ်ပွဲမတိုင်မီ အားသာချက် ဖြစ်စေခဲ့သည်။ အိမ်ရှင် ဗီယက်နမ်ကို သရေကစားပြီး နှစ်ပွဲကစား လေးမှတ်ရထားသည့် ဖိလစ်ပိုင်အသင်းမှာမူ မြန်မာကို အရေးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ရေး အင်ဒိုနီးရှားနှင့် နောက်ဆုံးပွဲတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

မြန်မာအသင်းသည် တီမောနှင့်ပွဲတွင် ကစားခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ယှဉ်ပြိုင်ခဲ့ပြီး ပြည့်ဖြိုးသူ **(ဂိုး)**၊ စိုးမိုးကျော်၊ သက်ဟိန်းစိုး၊ အောင်ဝဏ္ဏစိုး၊ ဟိန်းဇေယျာလင်း၊ ရန်ကျော်ထွေး၊ ဇော်ဝင်းသိန်း၊ လွင်မိုးအောင်၊ မြတ်ကောင်းခန့်၊ ဝင်းနိုင်ထွန်း၊ ထက်ဖြိုးဝေတို့ဖြင့် ပွဲထွက်ခဲ့သည်။

မြန်မာအသင်းသည် မိနစ် ၃၀ အထိ ပွဲကိုထိန်းကစားနိုင်ခဲ့ပြီး နှစ်မိနစ်တွင် ဝင်းနိုင်ထွန်းက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ယင်းနောက်ပိုင်းတွင် ဂိုးထပ်ရနိုင်သည့် အပိုင်အခွင့်အရေး နှစ်ကြိမ်ထက်မနည်းရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ၃၄ မိနစ်တွင် ဖိလစ်ပိုင်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် တိုက်စစ်မှူး ဘီဒစ်က ခေါင်းတိုက်သွင်းယူခဲ့သည်။ သုံးမိနစ်အကြာတွင် ဖိလစ်ပိုင်အသင်း ပယ်နယ်တီ ကန်ခွင့်ရခဲ့ပြီး ဘီဒစ်က သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ဖိလစ်ပိုင်အသင်းက ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာကာ မိနစ် ၅၀ တွင် လွင်မိုးအောင်က ခေါင်းတိုက်ပြီး ချေပဂိုး ပြန်သွင်းခဲ့သည်။ ၅၃ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် အသင်း ခေါင်းဆောင် စိုးမိုးကျော်က အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲအပြီးတွင် နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စု (က) တွင် ဦးဆောင်လျက်ရှိသည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် မေ ၁၃ ရက်တွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**ရဲရင့်လွင်**

# တရုတ်-မြန်မာ တာလီ-ရွှေလီ ရထားလမ်းမှ တာလီ-ပေါင်စန်းလမ်းပိုင်းတည်ဆောက်ပြီးစီး

**နေပြည်တော် မေ ၁၀**

တရုတ်-မြန်မာ နိုင်ငံတကာလမ်းကြောင်းကြီး၏ အဓိကအစိတ်အပိုင်းဖြစ်သော တာလီ-ရွှေလီ ရထားလမ်း၏ တာလီမှပေါင်စန်းအထိ ရထားလမ်း တည်ဆောက်မှု ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း တရုတ်သံရုံးက ယနေ့ သတင်းထုတ်ပြန်ထားသည်။



တာလီမှ ပေါင်စန်းအထိ လမ်းပိုင်း၏ အခြေခံအဆောက်အအုံ၊ တံတားတည်ဆောက်ရေး စီမံကိန်းများသည် ရာနှုန်းပြည့် ပြီးဆုံးသွားပြီဖြစ်သည်။ ဘူတာရုံ တည်ဆောက်မှုသည် အခြေခံအားဖြင့် ပြီးစီးသွားပြီဖြစ်ပြီး ယခုနှစ်အတွင်း၌ ဖွင့်လှစ်လည်ပတ်နိုင်မည်ဖြစ်သည်။

တာလီ- ရွှေလီရထားလမ်း စုစုပေါင်း အရှည်သည် ၃၃၀ ကီလိုမီတာရှည်ပြီး တံတားဥမင်လိုဏ်ခေါင်း အချိုးအဆသည် ၇၆ ဒသမ ၅ ရာခိုင်နှုန်းပါရှိသည်။ လမ်းကြောင်း တစ်လျှောက်တွင် တာလီမှပေါင်စန်း၊ ပေါင်စန်းမှ ရွှေလီအထိ အပိုင်းလိုက်တည်ဆောက်သည့်ပုံစံဖြင့် တည်ဆောက်ထားသည်။

ယခုအကြိမ် ရထားလမ်းခင်းမှု ပြီးစီးသည့် တာလီမှပေါင်စန်း လမ်းပိုင်းသည် စုစုပေါင်းအရှည် ၁၃၃ ကီလိုမီတာရှိပြီး ဥမင်လိုဏ်ခေါင်းပေါင်း ၂၀ ခု၊ တံတား ၃၆ စင်းရှိကာ တံတားဥမင်လိုဏ်ခေါင်း အချိုးအဆသည် ၈၆ ဒသမ ၅ရာခိုင်နှုန်းပါ ရှိသည်။ မြေဆီလွှာ အခြေအနေ အလွန်ရှုပ်ထွေး ပြောင်းလဲလွယ်ခြင်းကြောင့် ၁၄ နှစ်ကြာတည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။

**သီရိ**

# မေ ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၁၀–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၃၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၄၀,၇၅၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၀၆၆) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၉၈၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၀–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၉၁) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၄) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၀) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၄၁) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၁၁) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၉၇၇) ခု | (၃) ဦး |
| **စုစုပေါင်း** | (၇,၃၅၀) ခု | (၁၀) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၀-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ


| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၆၈၈၁၈၈ | ၈၁၀၈၉၇၇၀ | ၁၀၂၄၇၅၂ |
| ၂။ | အိန္ဒိယ | ၄၃၁၀၇၆၈၉ | ၄၂၅၆၃၉၄၉ | ၅၂၄၁၀၂ |
| ၃။ | ဘရာဇီး | ၃၀၅၇၄၂၄၅ | ၂၉၆၅၂၀၁၈ | ၆၆၄၂၄၈ |
| ၄။ | ပြင်သစ် | ၂၈၉၆၄၇၇၅ | ၂၇၆၆၉၄၄၃ | ၁၄၆၈၅၆ |
| ၅။ | ဂျာမနီ | ၂၅၃၈၅၇၀၇ | ၂၃၅၃၆၉၀၀ | ၁၃၇၀၂၀ |
| ၆။ | ဗြိတိန် | ၂၂၁၄၀၂၈၇ | ၂၁၅၅၈၃၆၁ | ၁၇၆၄၂၄ |
| ၇။ | ရုရှား | ၁၈၂၃၇၂၂၇ | ၁၇၆၁၄၃၇၁ | ၃၇၇၁၅၀ |
| ၈။ | တောင်ကိုရီးယား | ၁၇၆၁၄၈၉၅ | စိစစ်ဆဲ | ၂၃၄၆၂ |
| ၉။ | အီတလီ | ၁၆၈၁၆၄၁၉ | ၁၅၅၄၈၀၉၁ | ၁၆၄၅၇၃ |
| ၁၀။ | တူရကီ | ၁၅၀၄၄၉၂၁ | ၁၄၉၄၂၈၈၂ | ၉၈၈၅၄ |

## ၁၀-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၈၁၂၁၄ | ၉၃၂၄၉၃၄ | ၄၃၀၅၈ |
| အင်ဒိုနီးရှား | ၆၀၄၉၁၄၁ | ၅၈၈၆၈၇၀ | ၁၅၆၄၁၆ |
| မလေးရှား | ၄၄၆၁၁၃၅ | ၄၄၀၃၁၈၃ | ၃၅၅၈၄ |
| ထိုင်း | ၄၃၃၇၅၆၈ | ၄၂၈၃၇၀ | ၂၉၁၉၉ |
| ဖိလစ်ပိုင် | ၃၆၈၇၁၉၇ | ၃၆၂၂၈၅၂ | ၆၀၄၃၉ |
| စင်ကာပူ | ၁၂၂၀၁၉၃ | ၁၁၅၀၃၆၆ | ၁၃၅၂ |
| မြန်မာ | ၆၁၃၀၆၆ | ၅၉၁၉၈၇ | ၁၉၄၃၄ |
| လာအို | ၂၀၈၈၄၈ | ၂၀၇၁၈၂ | ၇၅၂ |
| ဘရူနိုင်း | ၁၄၃၃၇၂ | ၁၄၁၉၆၁ | ၂၁၉ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၈၄ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့် (၂၀) ကြာဆေးကြောပါ။

# မေလ ၁၂ ရက် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့အား ဂုဏ်ပြုပါသည်

**အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ (International Nurses Day)အား ခေတ်သစ်သူနာပြုစုခြင်း ပညာရပ်ကို စတင်တည်ထောင်သူအဖြစ် ထင်ရှားတဲ့ ဖလော့ရင့်နိုက်တင်ဂေးလ်ရဲ့ မွေးနေ့ မေလ ၁၂ ရက်နေ့ရောက်တိုင်း ကျင်းပခဲ့ကြပါတယ်။ ၁၉၇၄ ခုနှစ်ကစပြီး အပြည်ပြည်ဆိုင်ရာ သူနာပြုများ ကောင်စီက ကြီးမှူးကျင်းပခဲ့ကြပြီး အဓိကရည်ရွယ်ချက်ကတော့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ သူနာပြုတွေရဲ့ အခန်းကဏ္ဍဟာအရေးပါကြောင်း မီးမောင်း ထိုးပြချင်တဲ့အတွက် ဖြစ်ပါတယ်။**

မိခိုင်ဇင်ခင်လေး

### မီးအိမ်ရှင်မ

ဖလော့ရင့်နိုက်တင်ဂေးလ်ဟာ ၁၈၅၄ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ခရိုင်းမီးယန်း စစ်ပွဲအတွင်းမှာ လူနာတွေကို ပြုစုကုသမှုတွေပေးခဲ့တဲ့ မီးအိမ်ရှင်မ “The Lady with the lamp” အဖြစ် ထင်ရှားခဲ့ပါတယ်။ စစ်မြေပြင်မှာ ထိခိုက်ဒဏ်ရာရတဲ့ စစ်သည်လူနာတွေကို နေ့မအား၊ ညမနား မှောင်မည်းနေတဲ့ စစ်မြေပြင်မှာ လက်ထဲမှာမီးအိမ်လေးဆွဲပြီး လိုက်လံရှာဖွေ ပြုစုကုသပေးခဲ့လို့ ဒဏ်ရာရစစ်သည်တွေက စတင်ပြီး ပေးခဲ့ကြတဲ့နာမည်လေးပါ။ သူဦးဆောင်ပြီး စစ်မြေပြင်မှာ အဲဒီလို ကူညီခဲ့တာဟာ စစ်မြေပြင်ဒဏ်ရာရ စစ်သည်တွေရဲ့ သေဆုံးမှုကို ၄၀ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသို့ လျှော့ချပေးနိုင်ခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီရဲ့ အမှုဆောင်ချုပ် Mr. Howard Catton က “ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဟာ သူနာပြုစုခြင်း အတတ်ပညာကို အမှန်တကယ် ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော်တို့ကို သက်သေပြလိုက်ပါပြီ။ သူနာပြုလိုအပ်ချက်ဟာ ပြည်သူ့ကျန်းမာရေးအတွက် ပြင်းပြင်းထန်ထန် ခြိမ်းခြောက်မှုကို အခုလောလောဆယ် ရင်ဆိုင်နေရပါတယ်။ အခက်အခဲများစွာနဲ့ အလုပ်လုပ်နေရပေမယ့် ကမ္ဘာပေါ်ရှိသူနာပြုအားလုံးဟာ နေ့စဉ် လူနာတွေအတွက် မိမိတတ်ကျွမ်းတဲ့ သူနာပြုပညာနဲ့ အမြင့်ဆုံးကျွမ်းကျင်မှု၊ ပြုစုကုသမှုတွေကို ပေးနိုင်တာထက် အစွမ်းကုန်ပေးကြပါ” ဟု တိုက်တွန်းထားပါတယ်။

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ရဲ့ Theme (အာဘော်)ကတော့-

**Nurses : A Voice to Lead – Invest in nursing and respect rights to secure global health**

**သူနာပြုများ : သူနာပြုစုခြင်း အတတ်ပညာရပ်တွင် ဦးတည်ရင်းနှီးမြှုပ်နှံရန်နှင့် ကမ္ဘာ့ကျန်းမာရေးကို လုံခြုံစိတ်ချမှုရှိစေရန်အတွက် သူနာပြုများ၏ အခွင့်အရေးများကို အလေးဂရုပြုနိုင်ရန် ဖြစ်ပါတယ်။**

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းကို ၁၉၄၈ ခုနှစ်က စတင်၍ အစိုးရမဟုတ်သော အသင်းအဖွဲ့အဖြစ် တည်ထောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေမှာ တိုးတက်မှုရရှိစေရန် ရည်ရွယ်ပြီး တည်ထောင်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီရဲ့ အဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သူနာပြုနှင့် သားဖွားအသင်းခွဲပေါင်း ၂၁၆ သင်းရှိပြီး အဖွဲ့ဝင်ပေါင်း ၁၈၀၂၆ ဦး ရှိပါတယ်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ စာရင်းများအရ မြန်မာနိုင်ငံမှာ ဆေးရုံပေါင်း ၁၀၇၇ ရုံ၊ ဆေးခန်းပေါင်း ၁၁၄၂၇ ခန်းရှိပြီး နိုင်ငံအနှံ့ ခန့်အပ်ထားတဲ့ ဆရာဝန် ၁၄၆၇၈ ဦးနဲ့ ဆေးဝန်ထမ်း ၁၀၅၈၃၄ ဦး ရှိပါတယ်။ အရပ်ဘက် သူနာပြုဖြစ်စေ၊ တပ်မတော်သူနာပြုဖြစ်စေ သူနာပြုများ ခံယူအပ်သော အဓိဋ္ဌာန်ပြုကတိသစ္စာ ၉ ချက်ကို လိုက်နာစောင့်ထိန်းကြရပါတယ်။



ရန်ကုန်ဆေးရုံကြီး၌ ကလေးလူနာတစ်ဦးအား ကျောက်ကပ်အစားထိုးကုသပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ။

### သူနာပြုများ ခံယူအပ်သော အဓိဋ္ဌာန်ပြုကတိသစ္စာ

၁။ အကျွန်ုပ်သည် လူသားအားလုံး၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ကျွန်ုပ်၏ အရေးကဲ့သို့ယူဆပါအံ့။

၂။ အကျွန်ုပ်သည် မိမိတို့ပညာ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး အကျင့်စာရိတ္တပျက်ပြားမှုမှ ရှောင်ကြဉ်ပါအံ့။

၃။ အကျွန်ုပ်သည် ဂိလာနပုဂ္ဂိုလ်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ပါအံ့။

၄။ အကျွန်ုပ်သည် ကျန်းမာရေးမြှင့်တင်ရေး လုပ်ငန်းများ၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါရှာဖွေရေးလုပ်ငန်း၊ သူနာပြုစုရေး လုပ်ငန်း၊ ရောဂါကုသရေးလုပ်ငန်း၊ ပြန်လည်သန်စွမ်းရေးလုပ်ငန်း၊ ဆေးပေးခြင်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့် ဆေးဝါးဖြန့်ဖြူးရေးလုပ်ငန်းတို့တွင် လူသားတို့၏ ကျန်းမာရေး(သို့မဟုတ်)အသက်အန္တရာယ်ကို ထိခိုက်စေမည့် မည်သည့်အပြုအမူကိုမဆို တားဆီးကာကွယ်ပါအံ့။

၅။ အကျွန်ုပ်သည် လူနာ၏ ဝေဒနာသက်သာမှုနှင့် ကျန်းမာရေး တိုးတက်မြင့်မားလာစေရန် အခြား ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါအံ့။

၆။ အကျွန်ုပ်သည် လူနာ၏ ဂုဏ်သိက္ခာနှင့် ကိုးကွယ်ယုံကြည်မှုများကို အစဉ်လေးစားပါအံ့။

၇။ အကျွန်ုပ်သည် လူနာ၏ အတွင်းရေးကိစ္စများကို ပြောဆိုသင့်သည့် အချက်များမှအပ လျှို့ဝှက်ချက်အနေဖြင့် စောင့်ထိန်းပါအံ့။

၈။ အကျွန်ုပ်သည် မိမိနှင့်သက်ဆိုင်သော နည်းပညာ၊ အတတ်ပညာများ အစဉ်တိုးတက်ရှင်သန်စေရန် ဆောင်ရွက်ပါအံ့။

၉။ အကျွန်ုပ်သည် မိမိပညာရပ်နှင့် သက်ဆိုင်သော ကျင့်ဝတ်များကို စောင့်ထိန်းပြီး အချင်းချင်း ထာဝရစည်းလုံးညီညွတ်ရန် အမြဲတစေ ဆောင်ရွက်ပါအံ့။

### ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု

တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဟာ တပ်မတော်သားများနဲ့ မိသားစုဝင်များကို ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ၁၉၄၈ ခုနှစ်က မင်္ဂလာဒုံနဲ့ ပြင်ဦးလွင်မှာ ခုတင် ၃၀၀ ဆံ့ အခြေချစစ်ဆေးရုံ နှစ်ရုံဖြင့် စတင်ခဲ့ရာမှ ယခုအချိန်မှာ မင်္ဂလာဒုံနဲ့ နေပြည်တော်မှာ ခုတင် ၁၀၀၀ ဆံ့ တပ်မတော်ဆေးရုံကြီးများမှစ၍ စစ်မြေပြင်ဆေးတပ်ရင်းများစွာမှာ တပ်မတော်သူနာပြုများဟာ သူနာပြုကျင့်ဝတ်များကို လိုက်နာလုပ်ကိုင်နေကြပါတယ်။ ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကိုလည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ကျေးလက်တောရွာတွေအထိ သွားရောက်စောင့်ရှောက်ပေးခဲ့ကြပါတယ်။ အဲဒီလို ကျန်းမာရေး စောင့်ရှောက်မှုပေးရာမှာ ၂၀၁၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပြည်သူလူထု ၂၃၈၈၆၀၅ ဦးကို ပြုစုကုသမှု ပေးနိုင်ခဲ့ပါတယ်။

ကျွမ်းကျင်တဲ့ ပါရဂူများ၊ ဆရာဝန်၊ သူနာပြုတွေပါဝင်ပြီး ခေတ်မီဆေးနဲ့ စက်ပစ္စည်းကိရိယာတွေနဲ့ ဖွဲ့စည်းထားလို့ အသေးစားခွဲစိတ်ကုသမှုတွေကိုတော့ တစ်နေရာတည်းမှာ အပြီးအစီး(One Stop Service)လုပ်ပေးနိုင်ခဲ့ပါတယ်။ တပ်မတော်ဆေးကုသရေးအဖွဲ့တွေဟာ ရခိုင်နဲ့ တနင်္သာရီ ကမ်းရိုးတန်းဒေသတွေမှာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအထိ ပင်လယ်ပြင်သွားဆေးရုံသင်္ဘော(သံလွင်)နဲ့အတူ ပြည်သူလူထု ၁၅၉၄၅၅ ဦးကို ပြုစုကုသမှု ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြစ်တွင်းသွားဆေးရုံသင်္ဘော (ရွှေပုဇွန်)ဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းက ပြည်သူ ၁၅၄၄၈၁ ဦးကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ ပြုစုကုသမှု ပေးနိုင်ခဲ့ပါတယ်။

ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးတာဟာ ယခုမှမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၂၅ နှစ်လောက်က ပြင်ဦးလွင်စစ်ဆေးရုံမှာ သူနာပြုအရာရှိ ပေါက်စဘဝနဲ့ တာဝန်ကျတော့ ရှုံးပိတ်ရက်တွေမှာ ဆေးရုံနဲ့အလှမ်းကွာဝေးတဲ့ တောင်ပေါ်ရွာတွေကို တပ်မှူးဦးဆောင်ပြီး ပါရဂူ၊ ဆေးမှူး၊ သူနာပြု စုံလင်စွာနဲ့ ဆေးအကာအကွယ်ပေးအဖွဲ့ဖွဲ့ပြီး သွားကြတာ မှတ်မိပါသေးတယ်။

မှတ်မှတ်ရရ လောက်ကိုင်ဒေသတိုက်ပွဲတွေတုန်းက ကျွန်မ ခေတ္တသူနာပြုအုပ် တာဝန်ထမ်းဆောင်နေတဲ့ ပြင်ဦးလွင်စစ်ဆေးရုံကို စစ်ဆင်ရေး ထိခိုက်ဒဏ်ရာရ လူနာတွေ အများအပြား ရောက်ရှိလာပါတယ်။ တိုက်ပွဲတွေ လမ်းကြောမှာ ဖြစ်နေလို့ လမ်းပိတ်ပြီး ညနေမှောင်စပျိုးပြီးမှ ရောက်လာတာပါ။ ကျွန်မတို့လည်း ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားတဲ့အတိုင်း လူနာတွေကို ခွဲတ်မှန်ချက်ချင်းရိုက်သူရိုက်၊ ခွဲစိတ်ခွဲခန်းအဖွဲ့ကလည်း လူနာတင်ယာဉ်နားထိ လိုအပ်တဲ့သွေးတွေ လာဖောက်ပေး၊ တချို့လူနာတွေကို ခွဲစိတ်ခန်းချက်ချင်းပို့ လုပ်ကြပါတယ်။ စစ်သည်လူနာတစ်ဦးကတော့ ဒဏ်ရာအခြေအနေပြင်းထန်တယ်လို့ လိုက်ပါပို့ဆောင်တဲ့ သူနာပြုအရာရှိက သတင်းပို့တာနဲ့ ကျွန်မတို့ လူနာကို အသက်သာဆုံးအနေအထားဖြစ်အောင် ဝိုင်းဝန်းသယ်ဆောင်ကြပါတယ်။ ကျွန်မက စစ်သည်လူနာလေးရဲ့ ပတ်တီးစီးထားတဲ့ခေါင်းကို ထိန်းကိုင်ပြီး သယ်ပေးခဲ့ပါတယ်။ လူနာကို အထူးကြပ်မတ်ကုသခန်းမှာထားပြီး အသက်ရှူစက်တင်ထားရပါတယ်။ အားလုံး တည်တည်ငြိမ်ငြိမ်အခြေအနေ ဖြစ်သွားတော့မှ ကျွန်မလက်က စေးကပ်ကပ်ဖြစ်နေတဲ့အရာကို ကြည့်မိတာ ပတ်တီးမှာကပ်နေတဲ့ ဦးနှောက်အပိုင်းအစလေး ဖြစ်နေတာတွေ့ရပါတော့တယ်။ ဖိုးသက်ပြင်းလေးကတော့ အသက်ပြင်းရှာပါတယ်။ ဦးခေါင်း၊ ဝမ်းဗိုက်၊ ဆီးအိမ်၊ လက်၊ နှာခေါင်းတို့မှာ ပိုက်ပေါင်းစုံနဲ့ပါ။ စကားတုံ့ပြန် ပြောဆိုနိုင်စွမ်းတော့မရှိပါ။ မျက်လုံးအိမ်ရဲ့ လှုပ်ရှားမှုတော့ရှိနေပါတယ်။

### မိဘနဲ့ သားသမီးသဖွယ် တွေ့ဆုံမှု

နောက်တစ်နေ့ နေ့လယ်လောက်မှာ ပြင်ဦးလွင်စစ်ဆေးရုံကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရောက်ရှိလာပြီး စစ်ဆင်ရေးထိခိုက်ဒဏ်ရာရ လူနာတွေကို လှည့်လည်ကြည့်ရှုပြီး နွေးထွေးစွာ အားပေးပါတယ်။ ဦးခေါင်း၊ ဝမ်းဗိုက်တွေထိထားပြီး စက်ပေါင်းစုံ တပ်ထားတဲ့ စစ်သည်လူနာလေးရဲ့ လက်ကလေးကိုကိုင်ပြီး ကြင်နာစွာ အားပေးစကားပြောတော့ စစ်သည်လေးဟာ သူသိနေတဲ့အကြောင်း မျက်လုံးအိမ် လှုပ်ရှားပြရှာပါတယ်။ စစ်သည်လူနာရဲ့ မျက်လုံးထောင့်နှစ်ဖက်က မျက်ရည်တွေဟာ တွေတွေ စီးကျလာတာ တွေ့ရပါတယ်။ ရှေ့တန်းပြန်စစ်သည်လေးနဲ့ တပ်မတော်အကြီးအကဲတို့ရဲ့ မိဘနဲ့ သားသမီးသဖွယ် တွေ့ဆုံမှုလေးတစ်ခုကို ကျွန်မတို့တပ်မတော်သူနာပြုတွေ ဝမ်းသာဝမ်းနည်းတွေ့မြင်ခဲ့ရပါတယ်။

*စာမျက်နှာ ၁၇ သို့*

- **မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းကို ၁၉၄၈ ခုနှစ်က စတင်၍ အစိုးရမဟုတ်သော အသင်းအဖွဲ့အဖြစ် တည်ထောင်ခဲ့**
- **မြန်မာနိုင်ငံမှာ သူနာပြုနှင့် သားဖွားအသင်းခွဲပေါင်း ၂၁၆ သင်းရှိပြီး အဖွဲ့ဝင်ပေါင်း ၁၈၀၂၆ ဦးရှိ**
- **အရပ်ဘက် သူနာပြုဖြစ်စေ၊ တပ်မတော်သူနာပြုဖြစ်စေ သူနာပြုများ ခံယူအပ်သော အဓိဋ္ဌာန်ပြုကတိသစ္စာ ၉ ချက်ကို လိုက်နာစောင့်ထိန်းကြရ**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် G.T.H.S ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း

အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် G.T.H.S ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာအထက်တန်းကျောင်းများ၌ (၁၁-၅-၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို (၃၀-၅-၂၀၂၂) ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည်ဖြစ်သည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

## ပညာရေးဝန်ကြီးဌာန ပထမနှစ်၊ နေ့သင်တန်း၊ ဥပဒေအထူးပြုဘာသာရပ် တိုးချဲ့ဖွင့်လှစ်သော တက္ကသိုလ်များတွင် မေဂျာပြောင်းလျှောက်ထားနိုင်

၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သော ကျောင်းသား ကျောင်းသူများအတွက် ဥပဒေအထူးပြုဘာသာရပ်၊ နေ့သင်တန်း တိုးချဲ့ဖွင့်လှစ်သော အောက်ဖော်ပြပါတက္ကသိုလ် (၁၀)ကျောင်းတွင် ဝိဇ္ဇာဘွဲ့(ဥပဒေပညာ)/B.A(Law) သင်တန်းပို့ချမည်ဖြစ်ပြီး အခြားအထူးပြုဘာသာရပ်များမှ ဥပဒေအထူးပြုဘာသာရပ်သို့ အပြောင်းလျှောက်လွှာများကိုလည်း ၂၇-၅-၂၀၂၂ ရက်နေ့ မတိုင်မီ အဆိုပါတက္ကသိုလ်များတွင် တင်ပြလျှောက်ထားပါက သတ်မှတ်ချက်နှင့် ကိုက်ညီလျှင် လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်-

(၁) မြိတ်တက္ကသိုလ်
(၂) ဟသ်ာတတက္ကသိုလ်
(၃) မအူပင်တက္ကသိုလ်
(၄) ဗန်းမော်တက္ကသိုလ်
(၅) ရွှေဘိုတက္ကသိုလ်
(၆) ကလေးတက္ကသိုလ်
(၇) လားရှိုးတက္ကသိုလ်
(၈) ပခုက္ကူတက္ကသိုလ်
(၉) မိတ္ထီလာတက္ကသိုလ်
(၁၀) ကျိုင်းတုံတက္ကသိုလ်

*စာမျက်နှာ ၁၆ မှ*

အရပ်ဘက်၊ စစ်ဘက်သူနာပြုတွေရဲ့ တွေ့ဆုံမှုတွေကလည်း ခင်မင်အမှတ်ရစရာဖြစ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် တပ်မတော်သူနာပြုတက္ကသိုလ်မှာ သူနာပြု သိပ္ပံဘွဲ့(ပေါင်းကူး) နှစ်နှစ် သင်တန်းတက်တော့ စိတ်ကျန်းမာရေးဆေးရုံ(ရွာသာကြီး)ကို လက်တွေ့ကွင်းဆင်းလေ့လာဖို့ သွားရောက်ခဲ့ရပါတယ်။ ကျွန်မတို့ သင်တန်းသူတွေအားလုံးဟာ တပ်မတော်မှ ဒုတိယသူနာပြုအုပ်များပါ။ အဲဒီဆေးရုံရဲ့ စိတ်ဝေဒနာခံစားနေရတဲ့ လူနာတွေအပေါ် သူနာပြုစုမှု၊ အုပ်ချုပ်စီမံကွပ်ကဲမှုကို ကျွန်မတော့ ကျေနပ်သဘောကျမိပါတယ်။ လူနာတွေကများသော်လည်းပဲ သူနာပြုဆရာမကနည်းနည်းနဲ့ အစွမ်းကုန်လုပ်ကိုင်ပြုစု ကုသပေးကြတာ တွေ့မြင်ခဲ့ရပါတယ်။ ကျွန်မတို့တပ်မတော်သူနာပြုတွေ အရပ်ဘက်သူနာပြုများနဲ့ လက်တွေ့အတူတူအလုပ်လုပ်ရတော့ သူတို့ရဲ့ သူနာပြုပီသစွာ စိတ်ရှည်၊ အနစ်နာခံနိုင်မှုကို ဝမ်းသာစွာနဲ့ ချီးကျူးမိပါတယ်။ ရင်ထဲက လှိုက်လှဲစွာ "ငါတို့ သူနာပြု" ဆိုတဲ့စိတ်နဲ့ ဂုဏ်ယူမိပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ မျှော်မှန်းရည်မှန်းချက်တွေ ပြည့်မီနိုင်ဖို့ သူနာပြုများက နေ့မအားညမနား ဆောင်ရွက်လျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကိုလည်း အန်တုရင်ဆိုင်ရင်း ကာကွယ်ဆေးထိုးလုပ်ငန်းတွေကိုလည်း အကြားအလပ်မရှိအောင် ဆောင်ရွက်လျက်ပါ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် အရေးအကြီးဆုံး ဖြစ်သည်ဟု မှတ်သားဖူးပါတယ်။ သို့ဆိုလျှင် တပ်မတော်၊ အမိနိုင်ငံတော်အတွက် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍနဲ့ ပတ်သက်လာလျှင် "ရဲရေးရောက်သော်၊ ရွံ့ကြောက်မဲ့တွန်၊ နိုင်ငံ့ဝန်၌ ကုမ္ပဏ်ယက္ခ၊ နာဂခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း၊ ခွာ၍မတွန့်၊ အသက်စွန့်လေ့" ဟုဆိုသည့်အတိုင်း မည်မျှခက်ခဲကြမ်းတမ်းသော နေရာဒေသ၊ ကမ္ဘာ့ကပ်ရောဂါတွေနှင့် ကြုံတွေ့စေဦးတော့ ရဲရဲဝံ့ဝံ့ရင်ဆိုင်မည့် သူနာပြုများပင်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့မှာ ကတိပြု ရေးသားဖော်ပြလိုက်ရပါတယ်။ ။

## မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မြစ်ကြီးနား မေ ၁၀**

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက်တွင် မြစ်ကြီးနားမြို့ နယ်မြေခံ တပ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးက အမှာစကား ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့်အတူ အဖွင့်ပွဲစဉ်အဖြစ် မြစ်ကြီးနားတပ်နယ် အသင်း (က) နှင့် (ဈ)အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့သည်။



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဝန်ကြီးချုပ်ဖလားဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဆုရသူများအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။

အဆိုပါ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ဘောလုံးအသင်း ၁၀ သင်းဖြင့် မေ ၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ် မိုးလုံလေလုံ အားကစားခန်းမ၌ မေ ၆ ရက်မှ စတင်ကျင်းပခဲ့သည့် ပြည်နယ်ဝန်ကြီးချုပ်ဖလားဖိတ်ခေါ် အမျိုးသမီး/အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တက်ရောက်ကြပြီး ဗိုလ်လုပွဲစဉ်အဖြစ် လီဆူလူငယ်အသင်းနှင့် လီဆူအသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးရာ လီဆူလူငယ်အသင်းက အနိုင်ရဗိုလ်စွဲသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဆုရအားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်ဆိုင်းတို့က ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အတွက် တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပုသိမ်မြို့နယ်၌ အထကခွဲ(၁)ကျောင်းကို အထက(၁၁)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**ပုသိမ် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အမှတ် (၄) ရပ်ကွက်အတွင်းရှိ အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်း(ထ-ခွဲ)မှ အမှတ် ( ၁၁ ) အခြေခံပညာကျောင်းသို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲအခမ်းအနားကို အဆိုပါကျောင်းရှေ့၌ မေ ၈ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးတင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျောင်းကြီး ပေါ်ပေါက်လာပုံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးပညာရေးမှူးတို့ထံ အထက်တန်းကျောင်းဖွင့်ပွဲ အထိမ်းအမှတ်အလံကို အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်ချစ်သန်းက ပေးအပ်သည်။

ထို့နောက်အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ရွှေမိုးတွေရွာ တေးသီချင်းဖြင့်လည်းကောင်း၊ ဇာတိမာန် တေးသီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

မြင့်ဟန်
(ပြန်/ဆက်)

## လဲချားမြို့နယ်၌ Grade-5 သင်ရိုးသစ် ဆင့်ပွားသင်တန်းဖွင့်

**လဲချား မေ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်တွင် Grade-5 သင်ရိုးသစ် ဆင့်ပွားသင်တန်းကို ယနေ့ နံနက် ၉ နာရီက အ-ထ-က (လဲချား) ကျောင်း၌ ဖွင့်လှစ်သင်ကြား ပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ နည်းပြတို့က Grade-5 သင်ရိုးသစ် သင်ကြားပို့ချရာတွင် တက်ရောက်ထားသော လဲချားမြို့နယ်မှ ဆရာ ဆရာမ နည်းပြများက မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တ၊ ပြည်သူ့နီတိနှင့် ကာယပညာ ဘာသာရပ်များကို မေ ၁၀ ရက်မှ မေ ၁၃ ရက် နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ လေးရက်တာ သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းတွင် မြို့နယ်အတွင်းမှ ဆရာ ဆရာမ ၁၉၈ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**လွှမ်းသူနောင် (လဲချား)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၀

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်နေ မြတ်နိုးသီရိကျော်သည် ၎င်းအသုံးပြုသည့် "Myat Noe Thiri Kyaw" Facebook အကောင့်နှင့် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ် (၂၁) ရပ်ကွက်နေ နေတိုးလင်း(ခ)ဒီပသည် ၎င်းအသုံးပြုသည့် "Nay Toe Lin" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❊ *ကျောဖုံးမှ*

မရသိမ်ကျေးရွာအနီးသို့ အရောက် ရွာအတွင်း စာသင်ကျောင်းနှင့် လူနေအိမ်များအား အကာအကွယ်ရယူ၍ PDF အမည်ခံ အကြမ်းဖက်သမားများက စတင်ပစ်ခတ်ခဲ့သဖြင့် အပြန်အလှန် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် PDF အမည်ခံ အကြမ်းဖက် သမားများထံမှ အလောင်းအချို့၊ လက်နက်မျိုးစုံ ၁၀ လက်၊ လက်ပစ်ဗုံးမျိုးစုံ ၂၆ လုံးနှင့် ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းမျိုးစုံကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင်လည်း မရသိမ်ကျေးရွာရှိ အခြေခံပညာမူလတန်း ကျောင်းအတွင်း စခန်းချအခြေပြု အကာအကွယ်ရယူ၍ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်ရန် ပြင်ဆင်နေကြောင်း ဆူပူအကြမ်းဖက်မှုကို မလိုလားသည့် ကျေးရွာသားအချို့က ကျေးရွာအနီးဆုံးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်ဆက်သွယ် အကြောင်းကြားသတင်းပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်းခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများအနေဖြင့် စာသင်ကျောင်း အတွင်း/အပြင်၌ ခြံစည်းရိုးပတ်လည်အား သဲအိတ်များ ကာရံခြင်း၊ မိုင်းများ ထောင်ထားခြင်း၊ သဲအိတ်ဘန်ကာများ တည်ဆောက်ခြင်း၊ အကြမ်းဖက်လေ့ကျင့်ရေးကွင်းများ ဖောက်လုပ်ခြင်းများပြုလုပ်ကာ စာသင်ကျောင်းအား အခိုင်အမာစခန်း တည်ဆောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန် ကြိုတင်ကြံစည်နေမှုကို တားဆီးနိုင်ခဲ့သည်။




**ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာအနီး၌ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန် ရောက်ရှိနေသည့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်စဉ် ဖြစ်ပွားမှု နေရာပြပုံ။**

အကြမ်းဖက်သမားများ အနေဖြင့် ကျေးရွာအချို့အတွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး၍ နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

---

❊ *ရှေ့ဖုံးမှ*

ကာကီနာဒါ မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၁၅ မိုင်ခန့်၊ ဗီဆာကာပတ္တနမ်မြို့၏ တောင်ဘက် ရေမိုင် ၁၆၀ ခန့်၊ ဂိုလ်ပါပူမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်၊ ပူရီမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၃၄၀ ခန့်၊ မြန်မာနိုင်ငံ ဟိုင်းကြီးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၆၉၀ ခန့်နှင့် ဂွမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာစနိနီ" ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေ မရှိသေးပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အာစနိနီ" ၏ တည်နေရာ၊ ဗဟိုချက် လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာစနိနီ" သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၁၅ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၂ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၉၈၉ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၅ မိုင်မှ မိုင်၇၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၇၂ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာစနိနီ" သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း (အိန္ဒိယနိုင်ငံ ကာကီနာဒါမြို့-ဗီဆာကာပတ္တနမ်ကမ်းခြေ)သို့ ရောက်ရှိနိုင်ကာ ထိုမှတစ်ဆင့် မြောက်-အရှေ့မြောက်ဘက်သို့ ကွေ့ပြီး ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်-ဩရိဿကမ်းခြေ)သို့ ရောက်ရှိနိုင်သည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာစနိနီ" သည် နောက် ၁၈ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်း "အာစနိနီ" အဖြစ်သို့ လည်းကောင်း၊ မေ ၁၂ ရက်တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာစနိနီ" ၏ အရှိန်ကြောင့် ယနေ့ညမှ မေ ၁၃ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာစနိနီ" ၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော်အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖူးမြော်ကြည်ညို

ပဲခူး မေ ၁၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် မင်းလှမြို့ ဝေဠုဝန် ပရိယတ္တိစာသင်တိုက် ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက မော်လမြိုင်မြို့ မြစေတီစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဝိနယ ပါဠိပါရဂူ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ မဟာထေရ်မြတ်ထံမှ ငါးပါးသီးလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကြွရောက်လာသည့် ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကာ အန္တိမအဂ္ဂိစျာပန ပွဲတော်အတွက် အလှူငွေကျပ် သိန်း ၁၀၀ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော်အား ကတ္တီပါခြုံထည် လွှမ်းခြုံကပ်လှူပူဇော်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်းလှမြို့ ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များမှာကြားပြီး မိုးလုံလေလုံ အားကစားခန်းမ တည်ဆောက်ပြီးစီးမှုနှင့် လက်ပံတန်း - မိုးညို - နတ်တလင်းလမ်း ကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆင်မနိုင်ကျေးရွာ တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၅ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၅၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၉၀/၂၃၄၅ ကျပ် | ၂၃၄၀/၂၃၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၂၀/၂၃၇၅ ကျပ် | ၂၃၆၅/၂၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၅/၂၀၇၅ ကျပ် | ၂၁၁၅/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၂၅/၂၁၃၀ ကျပ် | ၂၁၇၅/၂၃၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၄ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၁ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၄၉၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၁ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၁၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၅ . ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၉၅ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၇၀၀ | ၂၀၀ | ၁၅၄၀၀၀၀ |
| MTSH | ၂၆၀၀ | ၂၆၅၀ | ၄၅၉ | ၁၂၀၁၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀ | ၅၄၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၆ | ၁၅၉၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၅-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ ဓောဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
- ၀၉:၁၀ မွေးမြူရေးရာအဖြာဖြာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ 'သုဝဏ္ဏသာမဇာတ်တော်ကြီး' (မန်းသီဂီရုပ်စုံသဘင်)
- ၁၆:၃၅ အသိပညာနှင့်အမှန်တရား 'ဘဝထဲကကမ္ဘာ၊ ကမ္ဘာထဲကဘဝ' (အပိုင်း-၂)
- ၁၇:၁၀ ခေတ်အလိုက်ကြေးမုံပြင်
- ၁၇:၃၀ ဖန်တီးတီထွင်လူ့စွမ်းအင် မှုပိုင်ခွင့်ဖြင့်ဒို့မြှင့်တင်
- ၁၇:၅၀ Road to 31st SEA Games Vietnam (ပူရှူး)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်' (အပိုင်း-၂၃)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း 'စိတ်ငါးစရာ'

**mitv**

- 07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
- 07:07 Mote Khwe Late from Intaing Village
- 07:16 Next Generation (Min Thu Ryein)
- 07:27 A Day in the Life of Pa-O Family
- 07:32 Pan Tamawt… Stone Carving
- 08:01 Myanmar Bamboo Xylophone (or) Pattala
- 08:06 Yoga & Health
- 08:27 Enchanting Rakhine Land
- 08:45 The Listening Eye
- 09:01 News
- 09:25 Global Partnership for Brighter Future: Nepal Pavilion at Expo 2020 Dubai
- 09:33 The Mandolinist

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကျောက်ကြီးတောင်သို့အလည်တစ်ခေါက်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကြယ်ကလေးများအတွက်ပုံပြင်

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ရသာချိုမြိန်ချင်းရိုးရာမျှစ်ဟင်းရည်ဘိုင်

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ကျကျေးရွာ(အပိုင်း -၁)

**မွန် (၁၁:၀၀ မှ ၁၂:၀၀)**
ကတိုးကော့နတ်ရွာကဦးနာအောက်ဘုရား

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ(အပိုင်း -၁)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
နှစ်ပေါင်းရှည်ကြာ တည်မြဲပါတဲ့ အိုးလက်ရာ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
အနစ်နာခံသောသူရဲကောင်း

**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
ကယားရိုးရာ တူရိယာပြုလုပ်ခြင်း(ပုံပြင်)

**ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ထွန်းတောက်လာသောကြယ်တစ်ပွင့်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ပဲနှင့်ကျန်းမာရေး
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါဏ်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
- ၁၁:၀၀ PR SYSTEM ရှင်းလင်းပွဲ
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၁၅ တန်ဖိုးမြင့်ထုတ်ကုန်ဖွံ့နဆီအစွမ်း
- ၀၆:၃၀ ဝင်ငွေတိုးစေဖို့ရယ် စပ်မျိုးဗရုံစိုက်ကြမယ်
- ၀၇:၅၀ မြောက်ချောကုန်းဒေသထွက် မာလကာ
- ၀၇:၀၀ ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
- ၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- ၀၇:၅၀ တစ်သျှူးနည်းပညာလေ့လာစရာကြံသီးနံ
- ၀၉:၄၅ ဘဝနောင်ရေးစိတ်အေးဖို့ဆီအုန်းစိုက်ပျိုးကြပါစို့

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရထားလမ်းဖောက်လုပ်ရာတွင်ပါဝင်သည့် မြေ ၂၁၇ ကေကျော်အတွက် မြေယာလျော်ကြေးပေးအပ်

**တောင်ကြီး မေ ၁၀**

မြန်မာ့မီးရထားမှ နောင်ကား-ပင်းပက် သံမဏိစက်ရုံ ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသည့် မြေဧရိယာ ၂၁၇ ဒသမ ၂၇ ကေအတွက် တောင်သူ ၁၈၇ ဦးအား မြေယာလျော်ကြေးပေးအပ်ခြင်းကို မေ ၉ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက မြန်မာ့မီးရထားအနေဖြင့် လက်ရှိ တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းမှတစ်ဆင့် ခွဲထွက်ပြီး နောင်ကား-ပင်းပက် သံမဏိစက်ရုံသို့ ရထားလမ်းသစ်ဖောက်လုပ်နိုင်ရန်အတွက် မြေဧရိယာစုစုပေါင်း ၂၈၁ ဒသမ ၈၂ ကေကို အသုံးပြုခဲ့ရသဖြင့် ၎င်းအတွင်းမှ တောင်သူများ စိုက်ပျိုးမြေအဖြစ်အသုံးပြုလျက်ရှိသည့် ၂၁၇ ဒသမ ၂၇ ကေကို မြေယာလျော်ကြေး ပေးအပ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ကချမှတ်ပေးသည့် မြေယာလျော်ကြေးနှင့် သီးနှံအတွက် လျော်ကြေးငွေ စုစုပေါင်း ကျပ်သိန်းပေါင်း ၂၀၀၀၀ ကျော်ကို တောင်သူများအား ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး သူရ ဦးအောင်မျိုးမြင့်က မြေယာလျော်ကြေး ပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြေယာ လျော်ကြေးငွေများ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်နှင့် တာဝန်ရှိသူများက တောင်သူများအား မြေယာလျော်ကြေးများကို ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်မောင်သန်း (တောင်ကြီး)**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ အောင်ဇေရန်အောင် ကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ရှိ သဒ္ဓမ္မဇောတိကာရုံ ကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ သာသနာ့နယ်ပူပဒေသကျောင်း (မစိုးရိမ်ကျောင်းတိုက်) သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ရန်အောင်မင်္ဂလာ ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လွိုင်လင်မြို့နယ်ရှိ မြို့လယ်ကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ရှိ စန်းမေတ္တာသာမဏေကျော် စာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ အခြေခံပညာအလယ်တန်းအဆင့် Grade-8 သင်ရိုးသစ် တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်

**ရန်ကုန် မေ ၁၀**

၂၀၂၂-၂၀၂၃ အခြေခံပညာ အလယ်တန်းအဆင့် Grade-8 သင်ရိုးသစ် တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၉ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် လှော်ကျင့်ရေး အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက အမှာစကား ပြောကြားသည်။



တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဆိုပါသင်တန်းကို မေ ၉ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

ယခု သင်ကြားပေးသော သင်တန်းမှာ နိုင်ငံတကာစံချိန်မီ၊ မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် သင်ရိုးကိုရေးဆွဲထားပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်သည်။ ယခုဖွင့်လှစ်သည့် Grade-8 သင်ခန်းစာတစ်ခုစီတိုင်းတွင် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများနှင့်အညီ ၂၁ ရာစု ကျွမ်းကျင်မှုများ ဖြစ်သည့် ပေါင်းသင်းဆက်ဆံရေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ တစ်ကိုယ်ရေဖွံ့ဖြိုးမှု၊ အလုပ်အကိုင် ရရှိမှုဆိုင်ရာ ကျွမ်းကျင်မှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် အလယ်တန်းပြဆရာ ဆရာမ ၇၃၂ ဦး တက်ရောက်လျက်ရှိသည်။

**စိမ်းလဲ့**
**(ပြန်/ဆက်)**

# ပုဗ္ဗသီရိမြို့နယ်၌ Grade-5 သင်ရိုးသစ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**ပုဗ္ဗသီရိ မေ ၁၀**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် Grade-5 သင်ရိုးသစ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရေးဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပညာရေးမှူး ဒေါက်တာမာမာဇင်က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နည်းပြဆရာ ဆရာမ ၂၈ ဦးနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၄၀၁ ဦးတက်ရောက်ကြပြီး အဆိုပါသင်တန်းကို မေ ၁၀ ရက်မှ ၁၃ ရက်အထိ လေးရက်ကြာ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၌ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ အောက်ဖော်ပြပါ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

**(က) အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ**

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် ဂုဏ်ထူးတန်း ပထမနှစ်သင်တန်းများ

(၂) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - ပဉ္စမနှစ် ဥပဒေပညာ၊ ပဉ္စမနှစ် ပညာရေးနှင့် ဂုဏ်ထူးတန်း တတိယနှစ် သင်တန်းများ(ဖွင့်လှစ်ဆဲ)

(၃) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများ(ဖွင့်လှစ်ဆဲ)

(၄) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ)

**(ခ) ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ**

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ် သင်တန်းများ

(၂) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ)

(ဂ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်းများအတွက် ကျောင်းအပ်လက်ခံခြင်းကို ၁၈-၄-၂၀၂၂ ရက်နေ့မှ စတင်လက်ခံဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာန

## ပင်လောင်းမြို့နယ်၌ အသားစားနွား အကောင် ၁၀၀ မွေးမြူထုတ်လုပ်ရေးစီမံချက် ဆောင်ရွက်လျက်ရှိ

**ပင်လောင်း မေ ၁၀**

ကျေးလက်နေပြည်သူများ မွေးမြူရေးလုပ်ငန်းဖြင့် မိသားစုဝင်ငွေတိုးလာစေရန် ရည်ရွယ်ချက်ဖြင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ အသားစားနွား အကောင် ၁၀၀ မွေးမြူထုတ်လုပ်ရေး စီမံချက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံချက် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနီနီဝင်းက တီကျစ်ကျေးရွာအုပ်စု နောင်မွန်းရွာဘုန်းကြီးကျောင်းတွင် နောင်မွန်းကျေးရွာ၊ ကုန်းသိမ်ကျေးရွာများရှိ နွားမွေးမြူရေးတောင်သူများနှင့် တွေ့ဆုံရှင်းလင်းပြောကြားသည်။ ယင်းနောက် စီမံချက်ဆောင်ရွက်မည့် ကျေးရွာများတွင် ကျွဲ၊ နွား ကာကွယ်ဆေးများ ထိုးနှံခြင်း၊ အသားစားနွား မျိုးရည်ခံချောင်းဖြင့် မေထုန်မဲ့သားစပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စားကျက်မြက် စိုက်ပျိုးခြင်းလုပ်ငန်း အစီအမံများ၊ လုပ်ငန်းများဆက်စပ် ဆောင်ရွက်မှုကြောင့် တောင်သူများရရှိလာမည့် အကျိုးကျေးဇူးများကို နောင်တရားမြို့ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန တာဝန်ခံ ဦးခွန်သန်းထွန်းက ဆွေးနွေးဟောပြောခဲ့ပြီး နေဗီယာနှင့် မွန်ဘားဆား မြက်မျိုးများ အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **(အောက်ပုံ)**

ပင်လောင်းမြို့နယ်အတွင်း အသားစားနွား အကောင် ၁၀၀ မွေးမြူထုတ်လုပ်ရေး စီမံချက်ကို တီကျစ်ကျေးရွာအုပ်စုအတွင်း ကျေးရွာ လေးရွာ၊ ဘန့်ပြင်ကျေးရွာအုပ်စုအတွင်း ကျေးရွာ သုံးရွာ စုစုပေါင်းကျေးရွာ ခုနစ်ရွာတွင် ဆောင်ရွက်မည်ဖြစ်ပြီး တစ်နှစ်အတွင်း အသားစားနွား အကောင် ၁၀၀ မွေးမြူထုတ်လုပ်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက် )**




**"အဂတိပယ်ခွာ ပြည်သာယာ"**

**Remove Corruption, Promote Prosperity**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
| | (c) Digital Multifunction Copier | 19 Nos |
| (၁၂) | ရုံးသုံးစာရေးကိရိယာပစ္စည်း | ၇ မျိုး |

တင်ဒါရောင်းချမည့်ရက် - ၁၀ .၅.၂၀၂၂/ နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၂၄ .၅.၂၀၂၂/ နေ့လည် ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ်၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း၀၁-၈၂၅၄၁၉၁၊၀၉၅၁၄၄၉၈၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ အမှတ်(B-1)၊ No(12/14)တွင်တည်ရှိသော BNK Capital Myanmar Co.,Ltd (ကုမ္ပဏီလိုင်စင်အမှတ်-၀၂၀၅/၂၀၁၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

| အမှတ်စဉ် | ရာထူး | BOD အဖွဲ့ဝင်များ | | စတင်အကျုံးဝင်သည့် နေ့ရက် |
|---|---|---|---|---|
| | | ယခင် | ယခု | |
| ၁။ | Director | Mr.Dooho Lee | Mr.Jeongsoo HA | ၄-၅-၂၀၂၂ရက် (၂၀၂၂ခုနှစ် မေ ၄ရက်) |
| ၂။ | Managing Director | Mr.Kwangsu CHO | Mr.Kwangsu CHO | |
| ၃။ | Director | Mr.Sunghwa KIM | Mr.Sunghwa KIM | |

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူမြင့်ဆွေ(LL.B)(စဉ်-၁၃၆၃၄/၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၇၃)၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံလမ်း၊ အင်းစိန်မြို့နယ်**

## ကန့်ကွက်နိုင်ပါသည်

လှိုင်မြို့နယ်နေ ဒေါ်ဆွေဆွေမြင့် ၁၂/လမတ(နိုင်)၀၁၄၇၁၇ ပိုင်ဆိုင်သော (၅၇၇/C)မြေညီထပ်(ယာ)၊(၇)ရပ်ကွက်၊ လှိုင်မြို့နယ်တိုက်ခန်းကို ကျွန်မ ဒေါ်ခင်မြ ၁၂/မဂတ(နိုင်)၀၆၂၃၆၁ မှ ဝယ်ယူရန် ၁၃-၄-၂၀၂၂ရက်တွင် စရန်ငွေကိုပေးထားပြီး ကျန်ငွေကို ၇-၆-၂၀၂၂ရက်တွင် အကျေပေးချေမည် ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိက ကြော်ငြာပြီး တစ်ပတ်အတွင်း ကန့်ကွက်နိုင် ပါသည်။

**ဒေါ်ခင်မြ ၁၂/မဂတ(နိုင်)၀၆၂၃၆၁**
**ဖုန်း-၀၉-၄၂၀၀၅၈၇၁၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/5865 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဦးမြင့်ထွန်းနှင့် အများသိရှိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၆၂x၆၈လမ်းကြား၊ သားရေနယ်လမ်း၊ အမှတ်(A-4a)တွင်နေထိုင်သူ ဦးစိုင်းထွန်းရွှေ ၉/မရမ(နိုင်)၀၅၃၄၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးစိုင်းထွန်းရွှေနှင့် ဦးဇော်ဝင်းတို့ပိုင်ဆိုင်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ အကွက်အမှတ်(၇၈၄-လင်မလိုရွှေကူ)၊ ဦးပိုင်အမှတ်(စ/၃-ခ)နှင့် (စ/၃-ဃ) စုစုပေါင်း ဧရိယာ ၇ဧကပေါ်ရှိ မြေကွက်ပေါ်တွင် ပိုင်းခြား၍ မြေနှင့်အဆောက်အအုံ နှစ်လုံးကို ကျွန်ုပ်၏မိတ်ဆွေများက ဦးမြင့်ထွန်းအား အငှားချထားကြောင်း သိရှိရပါသည်။ ယခုအခါ ဦးမြင့်ထွန်းအနေဖြင့် အထက်ပါငှားရမ်းထားသည့် ဥပစာတွင် အသုံးပြုနေထိုင်ခြင်းမရှိကြောင်း သိရှိရပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါအငှားချထားသည့် ဥပစာကို စစ်ဆေးကြည့်ရှုရာတွင် လျှပ်စစ်မီးသွယ်တန်းထားသည့်လမ်းမီးတိုင်မှ ဥပစာအတွင်း အိမ်သုံးလျှပ်စစ်မီတာသို့ မိန်းဝိုင်ယာကြိုးပေ ၄၀၀ခန့်မှာ သွယ်တန်းထားသည့်အတိုင်းရှိမနေဘဲ ပျောက်ဆုံးနေကြောင်း သိရှိရပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ လျှပ်စစ်မိန်းဝိုင်ယာကြိုးပျောက်ဆုံးသည့် ကိစ္စရပ်နှင့်ပတ်သက်၍ ဦးမြင့်ထွန်း အနေဖြင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ဤကြေညာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ညှိနှိုင်းဆောင်ရွက်ပေးပါ ရန်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးမြင့်ထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးစိုင်းထွန်းရွှေ**
**၉/မရမ(နိုင်)၀၅၃၄၁၂**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဌေးအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၉၉)**
**အမှတ်(၆၀၄)၊ ၈၇လမ်း၊ ၃၀x၃၁ကြား၊**
**ပြည်ကျော်ဈေးအရှေ့ဘက်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၂၂၄၄၀**

## ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေ လှူဒါန်းခြင်း




ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လှိုင်ရတနာမွန်အိမ်ရာ၊ (၆)လမ်း၊ အမှတ်-၅၃ နေ ဦးဆန်းဝင်း-ဒေါ်ရီရီဝင်း သားသမီးမြေးတစ်စုမှ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် (၁၀)သိန်း တိတိ လှူဒါန်းရာ အုပ်ချုပ်မှုဒါရိုက်တာဦးပြုံးနှင့် သူနာပြုအုပ်ဒေါ်မြင့်မေတို့မှ လက်ခံယူပါသည်။

**လှူဒါန်းမှုအပေါ်နတ်လူသာခုခေါ်စေသော်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန၊ မွန်ပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွန်ပြည်နယ်၊စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် သထုံမြို့၊ စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် စာသင်ဆောင်နှင့်ကျောင်းသား/သူအိပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့် တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အတိုင်းအတာ | လုပ်ငန်းတည်နေရာ | Lot No |
|---|---|---|---|---|
| (က) | စာသင်ဆောင်(၂)ထပ်ဆောင် RC(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain) | ၁၇၀'x ၃၆'x၂၂.၅' | စိုက်သိပ္ပံ၊ သထုံမြို့ | Lot 1 |
| (ခ) | ကျောင်းသား/သူအိပ်ဆောင်(၂)ထပ်ဆောင် RC(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain) | ၁၇၃'x ၃၂'x၂၂.၅' | စိုက်သိပ္ပံ၊ သထုံမြို့ | Lot 2 |

**တင်ဒါရောင်းချမည့်ရက်** - ၁၁-၅-၂၀၂၂ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၄-၅-၂၀၂၂ရက်၊ ၁၆:၃၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

၂။ အသေးစိတ်အချက်အလက်များကိုပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန(မွန်) ဖုန်း-၀၉-၄၂၅၂၈၁၁၃၁၊ ၀၅၇-၂၂၉၈၀ တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပြီး၊ လူကိုယ်တိုင်လာရောက်တင်သွင်းရန်ဖြစ်ပါသည်။
(တင်ဒါဖွင့်မည့်ရက်အား ကြိုတင်ဆက်သွယ်၍ အကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။)

**တင်ဒါကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/38864 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိန် ၉/မရမ(နိုင်)၀၃၃၁၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၅၄၇၁၆ THAI ANBO 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးလင်း ၉/မနတ(နိုင်) ၀၄၅၀၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/5369 KHIT TA YAR LIT PLU(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းတင့် ၇/ပမန(နိုင်) ၀၉၄၇၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/8623 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ်-၅၁
## ကွယ်လွန်သူ ခင်ပွန်းဖြစ်သူ ဦးကျော်ထွေး၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စု၊ အိုးဘိုရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်ထွေး ကျန်ရစ်သည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စု၊ အိုးဘိုရွာ၊ ကွင်းအမှတ်(၅၉၁/အိုးဘို)၊ ဦးပိုင်အမှတ်(၂၂၇)၊ ဧရိယာ ၁ ဒသမ ၀၇ဧကရှိ လယ်မြေအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ညိုက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် မေ ၂၄ရက်(၁၃၈၄ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ခင်ပွန်းဦးကျော်ထွေး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ခုနှစ် မေ ၂၄ရက်(၁၃၈၄ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ညို၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် မေ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စည်သူဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**မန္တလေးခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ညောင်ရွှေမြို့ မင်္ဂလာရပ်နေ ဒေါ်ညွန့်မေ ၁၃/ညရန(နိုင်)၀၀၆၂၇၁ ၏သားဖြစ်သူ စိုင်းအောင်ဇော် (ကိုအောင်ဘို) ၁၃/ညရန(နိုင်)၀၀၀၆၈၆ သည် မိဘများ၏စကားကိုနားထောင်ခြင်းမရှိဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်လုပ်ဆောင်သဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်**
**ဒေါ်ညွန့်မေ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးအောင်လင်း ၅/ကသန(နိုင်)၀၂၄၅၇၇ နှင့် ကျွန်မ ဒေါ်ဆိုင်းကြင် ၅/ကသန(နိုင်)၀၂၄၁၈၇ တို့၏ သမီးဖြစ်သူမစောယုနန္ဒီ ၅/ကသန(နိုင်)၀၈၄၉၆၈ သည် မိဘနှစ်ပါး၏တားမြစ်မှုကိုမနာယူဘဲ မိဘတို့နှင့် သဘောထားကိုက်ညီမှုမရှိသော ကိစ္စများကို ဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ မစောယုနန္ဒီအား အမွေခံသမီးအဖြစ်မှ အပြီးတိုင် စွန့်လွှတ်ကြောင်းနှင့် နောက်နောင် သူမနှင့်ပတ်သက်သမျှ ကိစ္စအဝဝ တို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘများ**
**ဦးအောင်လင်း ၅/ကသန(နိုင်)၀၂၄၅၇၇**
**ဒေါ်ဆိုင်းကြင် ၅/ကသန(နိုင်)၀၂၄၁၈၇**
**ကချင်ပြည်နယ်၊ လုံးခင်းကျေးရွာ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့(၆)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## တင်ဒါအမှတ်စဉ်(၂)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၆) နှင့် (၇)တို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းတို့တွင် အသုံးပြုရန်အတွက် လိုအပ်နေသောစံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်-

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၉-၅-၂၀၂၂ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၃-၅-၂၀၂၂ရက်၊ ညနေ ၄:၃၀နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ထပ်မံကြော်ငြာပါမည်။
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့နှင့် ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၇)ရုံး ညောင်ဦးမြို့တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့်အသေးစိတ် အချက်အလက်များကို ဖုန်း-၀၂-၄၀၇၆၃၆၄၊ ၀၉-၇၉၅၃၀၀၆၉၇၊ ၀၉-၄၀၂၆၄၁၈၉၀၊ ၀၉-၄၀၂၆၇၇၆၀၅တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ မန္တလေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆေးဝါးတက္ကသိုလ်၊ မန္တလေးတွင် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းလုပ်ကိုင်လိုသော တရားဝင်အသိအမှတ်ပြု လိုင်စင်ရ (အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ)များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ခေါ်ယူအပ်ပါသည်-

ဆေးဝါးတက္ကသိုလ်၊ မန္တလေး၊ အနောက်ဘက်ခြမ်း ခြံစည်းရိုးကာရံခြင်း (အရှည် ၁၅၃၀'xအမြင့် ၆.၅')ပေ အုတ်ခြံစည်းရိုးအုတ်တိုင် (ဘလိပ်ဆူးကြိုးအပါ)

- **အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၁-၅-၂၀၂၂ရက်
- **တင်ဒါပိတ်မည့်ရက်** - ၂၅-၅-၂၀၂၂ရက်
- တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးဝါးတက္ကသိုလ် ၊ မန္တလေး ဖုန်း-၀၈၅-၄၀၂၄၄၊ ၀၈၅-၄၀၁၃၅ တို့သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ တင်းတိပ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၇၉၃/ဥတ္တမရာဇ်ကံတောင်ကွင်း)၊ ဦးပိုင်အမှတ်(၂၅)၊ မြေဧရိယာ ၁ ဒသမ ၃၅ဧကရှိမြေသည် ရဲမှူးချုပ်ဝင်းမြိုင်အမည်ဖြင့် ဂရန်အမှုတွဲအမှတ် ၂၄/၂၀၀၀/RD၊ မြေငှားဂရန်သက်တမ်းသည် ၂-၃-၂၀၃၀အထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားသော မြေဖြစ်ကြောင်း၊ မြေငှားဂရန် လျှောက်ထားလာသဖြင့် ဤရုံး၏အမှုတွဲအမှတ် ၈၇/V/၂၀၁၁နှင့် ၁၇-၁၀-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်သော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ (Cabinet) အစည်းအဝေးအမှတ်စဉ်(၂၇/၂၀၁၃)၊ ဆုံးဖြတ်ချက် (၃၈)နှင့်အရ စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၃၁-၁၁-၂၀၁၃ရက်စွဲပါအမှတ် ၄/၃၁-၈(၉၁၅)/ဦး၁တို့ ခွင့်ပြုချက်များအရ ဒေါ်နန်းလင်းလင်းထွန်းအမည်သို့ မြေငှားဂရန် အမည်ပြောင်း ချထားပေးခဲ့ကြောင်း၊ ၁၂-၁၂-၂၀၁၃ရက်တွင် ဒေါ်နန်းလင်းလင်းထွန်းမှ ဒေါ်ရွှင်ဖန်သို့ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၉၁၁/၂၀၁၃)ဖြင့် လွှဲအပ်ခဲ့ကြောင်း၊ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်ရွှင်ဖန်မှ ၁၆-၉-၂၀၂၁ရက်တွင် ဦးမင်းသိန်းထွန်းသို့ ယင်းမြေငှားဂရန်အနက်မှ ဦးပိုင်အမှတ်(၂၅/က)၊ မြေဧရိယာ ၀ ဒသမ ၆၅၀ဧကရှိမြေအား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆုံးအပိုင်လက်ရောက်လွှဲပြောင်းရောင်းချသည့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရောင်းချခဲ့ပြီး မြေဝယ်ယူပိုင်ဆိုင်သူ ဦးမင်းသိန်းထွန်းမှ ၎င်းအမည်ဖြင့် မြေငှားဂရန်ခွဲစိတ်/အမည်ပြောင်းထုတ်ပေးဆောင်ရွက်နိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူမည်သူမဆို မြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ကျွန်တော် ဦးကျော်လွင် ၉/တတဥ(နိုင်)၀၄၁၆၁၉သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ (၈)ရပ်ကွက်၊ စံပယ် ၁လမ်း၊ အမှတ် ၂၄၁/က ဟုခေါ်တွင်သော အိမ်နှင့်ခြံ (၂၀ ပေ x ၆၀ ပေ) အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခွာညိုမြင့် ၁၂/သဃက(နိုင်)၀၃၇၁၈၂ ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြသည့်လိပ်စာပါ မြေကွက်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ-**
**ဦးကျော်လွင် ၉/တတဥ(နိုင်)၀၄၁၆၁၉**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ မန္တလေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးတက္ကသိုလ်၊ မန္တလေးတွင် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများ၊ လျှပ်စစ်သုံးစက်ပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂများ၊ ဓာတ်ဆေးပစ္စည်းများဝယ်ယူရန်အတွက် တရားဝင် အသိအမှတ်ပြု လိုင်စင်ရ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန်ခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** -၁၁-၅-၂၀၂၂ရက်
**တင်ဒါပိတ်မည့်ရက်** -၂၅-၅-၂၀၂၂ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးဝါးတက္ကသိုလ်၊ မန္တလေး ဖုန်း-၀၈၅-၄၀၂၄၄၊ ၀၈၅-၄၀၁၃၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**
**မန္တလေးမြို့**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ ခုနှစ် မေလ ၁၀ ရက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ ဒုတိယရုံးပိုင်ရာထူး(၆၀)နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လုပ်ငန်းသဘာဝအရ အမျိုးသားများသာ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့် ၁၀-၆-၂၀၂၂ ရက်၌ အသက် (၃၀)နှစ် (ဝန်ထမ်းဖြစ်ပါက) (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
(င) မြန်မာ့မီးရထား၊ တိုင်းအသီးသီးတွင် နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) အနိမ့်ဆုံးအရပ်(၅)ပေ၊ (၂)လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၀၀ နှင့် ၁၆၀ အတွင်းရှိရမည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာနမူနာပုံစံအတိုင်း လျှောက်ထားရမည်။ လျှောက်လွှာကို မြန်မာ့မီးရထား(ရုံးချုပ်)၊ သွားလာပို့ဆောင်ရေးဌာန၊ နေပြည်တော်ဘူတာကြီးသို့ ပေးပို့လျှောက်ထားရမည်။

၃။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)
(ခ) တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၃)ပုံ (နောက်ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးရန်)၊
(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊ ဘွဲ့ လက်မှတ်(မိတ္တူ)၊
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တပတ်နှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့/ရဲစခန်းထောက်ခံချက်(မူရင်း)နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်(မူရင်း)၊
(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်(မူရင်း)၊

၄။ လျှောက်လွှာများကို မြန်မာ့မီးရထား(ရုံးချုပ်)၊ သွားလာပို့ဆောင်ရေးဌာန၊ နေပြည်တော်ဘူတာကြီးသို့လိပ်မူ၍ ၁၀-၆-၂၀၂၂ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှ မှတ်ပုံတင်၍ ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်း (အမြဲတမ်း)များသည် ဌာနအကြီးအကဲ၏ထောက်ခံချက်(မူရင်း)ဖြင့် လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် နောက်ကျပေးပို့ရောက်ရှိလာသော လျှောက်လွှာများနှင့် အချက်အလက် မပြည့်စုံသောလျှောက်လွှာများကို လက်ခံထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၅။ ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို ၂၀-၆-၂၀၂၂ ရက် နံနက် ၉:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအတွင်း မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်ဘူတာကြီးတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း) များနှင့် အတူ လာရောက်ထုတ်ယူရမည်။

၆။ ရေးဖြေစာမေးပွဲကို မြန်မာ့မီးရထား(ရုံးချုပ်)တည်ရှိရာ နေပြည်တော် ဘူတာကြီးတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) ၂၁-၆-၂၀၂၂ ရက်၊ နံနက် ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ မြန်မာစာ၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၄:၀၀ နာရီထိ အင်္ဂလိပ်စာနှင့် ညနေ ၁၅:၀၀ နာရီမှ ၁၇:၀၀ နာရီထိ အထွေထွေဗဟုသုတမေးခွန်းလွှာများအား ဖြေဆိုခြင်း၊
(ခ) ရေးဖြေအောင်မြင်ပါက စိတ်ကျန်းမာရေးနှင့် ဆေးစစ်မှုဆက်လက်ပြုလုပ်ခြင်း။

၇။ ရွေးချယ်ခံရပါက ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာတွင် သင်တန်းကာလ ၂၈ ပတ်သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်စဉ် ကာလအတွင်း လစာနှုန်းကျပ် ၁၈၀၀၀၀ ဖြင့် စတင်ခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ရေးဖြေအောင်မြင်သူများစာရင်း၊ စိတ်ကျန်းမာရေးနှင့် ဆေးစစ်ဆေးခံယူရမည့်သူများစာရင်းအား စစ်ဆေးပြုလုပ်မည့်ရက်၊ နေရာနှင့် အချိန်တို့ကို သွားလာပို့ဆောင်ရေးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော်ဘူတာကြီးတွင် ကြေညာပေးသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်၊ ဖုန်း-၀၆၇-၇၇၁၀၄၊ ၇၇၀၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သွားလာပို့ဆောင်ရေးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်)**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၅၇လမ်း) (၇၂) နေ ဦးဖိုးပါကြီး ၁၂/တမန(နိုင်)၀၄၂၃၄၇- ဒေါ်အေးမြင့်တို့၏သား မောင်ဟိန်းထက်အောင် ၁၂/တမန(နိုင်)၁၁၈၉၆၉သည် မိဘအပေါ် စိတ်ဒုက္ခအမျိုးမျိုးပေးသဖြင့် ၎င်းဆင်းသွားသည့် ၂၆-၉-၂၀၁၉ရက်ကတည်းက အမွေပြတ်စွန့်ပြီးဖြစ်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖိုးပါကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

(က) ဟုမ္မလင်းမြို့နယ် ငါးသားပေါက်ရုံ(၃၅x၃၀ x၁၂)ပေတစ်ထပ်(၁)လုံး

(ခ) ဟုမ္မလင်းမြို့နယ် ဝန်ထမ်း(၂)ခန်းတွဲနေအိမ် (၃၀x၃၀x၁၂)ပေ (အုတ်ညှပ်)တစ်ထပ်(၂)လုံး(ရေ၊ မီး၊ မိလ္လာအပါအဝင်)

(ဂ) ဟုမ္မလင်းမြို့နယ် ရုံးအဆောက်အအုံ (၃၀x၃၀ x၁၂)ပေRCတစ်ထပ်(၁)လုံး (ရေ၊ မီး၊ မိလ္လာအပါအဝင်)

(ဃ) ဟုမ္မလင်းမြို့နယ်စခန်းတာဝန်ခံနေအိမ် (၃၀x၃၀ x၁၂)ပေRCတစ်ထပ်(၁)လုံး (ရေ၊ မီး၊ မိလ္လာအပါအဝင်)

(င) ဟုမ္မလင်းမြို့နယ်ငါးကန်တူးဖော်ခြင်း(၁ဧကကန်(၃)လုံး၊ ၀.၅ဧကကန်(၁၂)လုံး၊ ၀.၂၅ဧကကန်(၄)လုံး၊ အောက်လက်ပိုက်တပ်ဆင်ခြင်းနှင့်ငါးဆွဲပိုက်များဝယ်ယူခြင်းအပါအဝင်)

(စ) ဟုမ္မလင်းမြို့နယ် ဧက(၂၀)ခြံစည်းရိုးကာရံခြင်းနှင့်တောရှင်းခြင်း

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာယူရန်** - ၁၁-၅-၂၀၂၂ရက်မှ ၃၁-၅-၂၀၂၂ရက်အထိ

(ခ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၃၁-၅-၂၀၂၂ရက်၊ ညနေ၄:၀၀နာရီ

(ဂ) **တင်ဒါရွေးချယ်မည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့။

၃။ တင်ဒါလျှောက်လွှာများကိုစစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၌ ဝယ်ယူနိုင်ပြီးအသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ ဖုန်း-၀၉-၂၁၃၀၈၂၃ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်းမြေစမ်းသပ်ခြင်း၊ တံတားစစ်ဆေးခြင်းနှင့်ဓာတ်ခွဲခန်း စမ်းသပ်ခြင်းလုပ်ငန်းတို့တွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများကိုတင်သွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

၂။(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** -၁၂-၅-၂၀၂၂ရက်၊ (ကြာသပတေးနေ့)

(ခ) **တင်ဒါအရောင်းပိတ်မည့်ရက်နှင့်အချိန်** -၂၆-၅-၂၀၂၂ရက်၊ (ကြာသပတေးနေ့)၊ ညနေ ၄:၀၀နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၇-၅-၂၀၂၂ရက်၊ (သောကြာနေ့)၊ ညနေ ၄:၀၀နာရီ

(ဃ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၇၈၅၇ (EX-124)၊ ၀၆၇-၃၄၀၇၈၂၉ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဥတ္တရသီရိမြောက်အရပ်)၊ မြေကွက်အမှတ်(ဥ-၆၃၁၃)၊ အကျယ်အဝန်း(၈၀x၈၀)ပေ၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဦးသော်ထက်နိုင် ၈/မကန(နိုင်)၁၈၄၂၂၅ အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ချထားပေးသောမြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်မင်းထိုက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၂၁/၂၀၁၆)**
**ပုရွတ်ဆိတ်ကုန်းရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၄၅၉၁၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မင်္ဂလာသုခ(၃)လမ်း၊ မြေကွက်အမှတ်(၁၂၄၅)၊ (၄၀×၆၀)ပေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်းမြေကွက်ဖြစ်သည့် အမှတ်(၁၂၄၅/ခ)၊ (၂၀×၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား **ဦးစိန်မြ** အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မိတ္တူအဆက်အစပ်စာချုပ်တို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ပြုံးမိုးခိုင်(၁၂/ဥကမ(နိုင်)၀၃၈၁၈၇)**(N/OKA-၀၈၈၆၁၁)မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မိတ္တူဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးအပ်၍ စရံပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထူး LL.B** — တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)
**ဦးဇော်မိုးလွင် LL.B** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)

ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၄၄၄၃၅၃၅၃၊ ၀၉ ၂၅၆၂၈၆၃၉၁၊

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/58397 JIALING JL 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းပိုက် ၅/စကန(နိုင်)၁၇၃၈၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်၊ နေပြည်တော်ကောင်စီ၏ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ပျဉ်းမနားမြို့နယ်အတွင်း ဆောင်ရွက်မည့်ကျပ်သန်း(၂၀၀)အထက်လုပ်ငန်းများဖြစ်သည့် လမ်းလုပ်ငန်း Lot(၅)ခု ၊ ဆောင်ရွက်ဆဲ(လမ်း)လုပ်ငန်း Lot(၁)ခု၊ စုစုပေါင်း Lot(၆)ခုတို့အား တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ တင်ဒါပေးသွင်းနိုင်ကြောင်းဖိတ်ခေါ်ကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၁-၅-၂၀၂၂ရက်

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၄-၅-၂၀၂၂ရက်

(ဂ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်** - ၃၀-၅-၂၀၂၂ရက်

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊(စုပေါင်းရုံး)၊ ပျဉ်းမနားမြို့နယ်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ပျဉ်းမနားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဖုန်း-၀၆၇-၂၂၀၀၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**မြို့နယ်တင်ဒါကော်မတီ၊ ပျဉ်းမနားမြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ် -၂၇၃နှင့် ဆက်နွယ်သည့်
## ၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ် -၈၇

ဦးအာကာစိုး (ဒီကရီအနိုင်ရသူ) နှင့် ဦးမောင်မောင်ဦး (တရားရှုံး)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဘောက်ထော်၊ အေးသာယာလမ်း၊ အမှတ်-(၅)နေ ဦးမောင်မောင်ဦး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၇၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မေ ၂၄ရက် (၁၃၈၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ် မေ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်အေး)**
**ဒုတိယခရိုင်တရားသူကြီး (၉)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ အမှတ်(၁၀၀၈) ဟုခေါ်တွင်သော ဧရိယာ(အလျား ပေ၂၀x အနံပေ၆၀)အကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အိမ်ခန်းငါးခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလအမည်ပေါက်ပိုင်ရှင် ဦးဘိုတေ ၁၂/မဂတ(နိုင်)၀၃၉၄၀၁ထံမှ ယခုအပြီးအပိုင်ရောင်းချသူ ဒေါ်နွယ်နွယ်ဝင်း ၁၂/ဒဂရ(နိုင်)၀၃၂၇၃၉က ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အထက်ဖော်ပြပါမြေကွက်ကို ဝယ်ယူရန် ကျွန်ုပ်မှစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အိသဲခိုင်**
**၁၂/သဃက(နိုင်)၁၄၇၈၀၁**
**အမှတ်(၅၅)၊ အောင်ရတနာလမ်း(၂၈)ရပ်ကွက်၊ မြောက်ဒဂုံ၊**
**ဖုန်း-၀၉-၇၈၆၆၅၇၀၄၅၊ ၀၉-၄၂၀၂၅၇၇၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကလေးဝမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂/အောင်မေတ္တာ)၊ ဦးပိုင်အမှတ်(၂၉၆)၊ ဧရိယာ ၆ ဒသမ ၂၀၈ဧကရှိ မြန်မာ့ရေနံသို့/ဖြန့်အမည်ဖြင့် မြေငှားဂရန်စာချုပ် ရရှိထားပြီး မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူကူးယူခွင့်ပြုပေးနိုင်ပါရန် တင်ပြလာမှုအပေါ် လျှောက်ထားမြေကွက်သည် မြန်မာ့ရေနံ သို့/ဖြန့်အမည်ပေါက် ရရှိထားသော မြေကွက်ဖြစ်ပြီး အဆိုပါလျှောက်ထားလာမှုအပေါ် မည်သည့်အတွက်ကြောင့် ဆောင်ရွက်မပေးသင့်ကြောင်း အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်စာချုပ်(မိတ္တူ) ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ကော်လီတွေ့ဒ်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလေးမြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ဦးသန်းအောင်ထွေး၁၂/ထတပ(နိုင်)၀၀၀၇၃၈နှင့်ကျွန်မ ဒေါ်လှဲလှဲရီ ၁၂/ထတပ(နိုင်)၀၀၀၆၃၈တို့၏သမီး မဝင်းပပထိုက်သည် မိဘနှစ်ပါး၏တားမြစ်မှုကို မနာခံဘဲ မိဘနှင့် သဘောထားကိုက်ညီမှုမရှိသောကိစ္စများကို ဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ မဝင်းပပထိုက်အား အမွေခံသမီးအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝတို့သည် မိဘနှစ်ပါးတို့နှင့် သက်ဆိုင်မှုမရှိတော့ကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘများ-ဦးသန်းအောင်ထွေး-ဒေါ်လှဲလှဲရီ**
**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်**

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးဝေလင်းအောင်
# အသက်(၉၃)နှစ်

ဆရာ ဦးဝေလင်းအောင်သည် နေပြည်တော်ရှိ တပ်မတော်ခုတင်(၁၀၀၀)ဆေးရုံ၌ ၈-၅-၂၀၂၂ရက် ည ၉:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**ဆရာ ကောင်းရာသုဂတိဘုံ ရောက်ရှိပါစေ။**

**စစ်တက္ကသိုလ်ဗိုလ်လောင်း အမှတ်စဉ်(၁၄)မှ တပည့်များ**

## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## ရန်ကုန်မြောက်ပိုင်းခရိုင်
## လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊တံတား၊ Box Culvert နှင့် မြေထိန်းနံရံ လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူ လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မြောက်ပိုင်းခရိုင်တွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က)တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ( ၁၂. ၅. ၂၀၂၂) ( ကြာသပတေးနေ့ )

(ခ)တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် - ( ၂၆. ၅. ၂၀၂၂) ( ကြာသပတေးနေ့ ) ၁၂:၀၀ နာရီအထိ

(ဂ) တင်ဒါစိစစ်ရွေးချယ် ဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ( ၂၇. ၅. ၂၀၂၂) (သောကြာနေ့) နံနက် (၁၀ : ၀၀) နာရီ

(ဃ)တင်ဒါတင်သွင်း ရမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်၊အင်းစိန်မြို့နယ်။

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန် မြောက်ပိုင်းခရိုင်၊ မင်းကြီးလမ်း၊ သရက်တောမှတ်တိုင်အနီး၊ အင်းစိန်မြို့နယ်တွင် လာရောက် ကြည့်ရှုခြင်း ဖြင့်လည်းကောင်း ရုံးဖုန်း ၀၁ - ၃၆၄၃၆၂၉ သို့ ရုံးချိန် အတွင်း စုံးစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်တွေမြို့၊ မိဇ်ရပ်ကွက်၊ အကွက်အမှတ်(၃၆)၊ မိဇ်ရွာအကွက်၊ ဦးပိုင်အမှတ်(၁၅-င)၊ ဧရိယာ (၀ ဒသမ ၀၈၃) ဧကရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ အောင်ထွန်းစိန်၊မောင်ထွန်းစိန်ဖြစ်ပြီး ၎င်းတို့၏အမွေကို ဆက်ခံပိုင်ဆိုင်လာကာ လက်ရှိနေထိုင်သော မြေးများက အမည်ပြောင်းလဲမှုအပေါ် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးစံရွှေမောင်ပါ(၁၀)ဦး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက် ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးအေးကို ၁၂/ဥကတ(နိုင်) ၀၂၇၁၂၅ (ဘ) ဦးကျော်အုန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၃၆၄၀) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၈၅၅၆/၂၀၁၁(၂၀-၁၂-၂၀၁၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မြင့်မြင့်ခိုင် ၉/ကဆန(နိုင်)၀၄၀၅၃၁ (ဘ) ဦးမြတ်သာမှ ဦးတာပဲကျိုး ၅/ကလတ(နိုင်)၁၆၃၃၀၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ ပတ္တမြားရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၆၈)နေ ဦးခင်သိန်း ၁၄/ကပန(နိုင်)၀၄၁၂၂၁ နှင့် ဒေါ်သန်းသန်းငွေ ၁၄/ကပန(နိုင်)၀၄၁၂၂၂ တို့၏ သမီး မဇွန်နီလာငွေ ၁၄/ကပန(နိုင်)၁၄၈၈၁၇သည် ၎င်းသဘောဖြင့် လုပ်ဆောင်နေသည့်လုပ်ရပ်များအပေါ် တားမြစ်သော်လည်း မရသည့်အပြင် မိဘများ၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝတို့ကို စုံစမ်းမေးမြန်းခြင်း မပြုပါရန်နှင့် မိသားစုနှင့် သက်ဆိုင်ခြင်းမရှိဘဲ ၎င်းနှင့်သာ သက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်သိန်း+ဒေါ်သန်းသန်းငွေ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/66562 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်းကို ၈/ပခက(နိုင်)၂၁၉၀၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/1134 Toyota Landcruiser HDJ 101 Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုအေး ၈/ရစက(နိုင်)၀၄၈၄၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/9640 လက်ဝယ်ရှိသူ ဦးမင်းအစိုး ၃/ဘအန (နိုင်) ၃၇၄၇၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး (ပဲခူး)**

## အများသိစေရန် ကြေညာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၁၈၈၊ မြေကွက်တည်နေရာ အမှတ်(၁၈၈)၊ ဇေယျာအေးမြလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးအောင်ဝင်း(BDN-၀၄၄၅၀၃) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးအောင်ဝင်း(BDN-၀၄၄၅၀၃)မှ ၎င်း၏ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မူရင်းမှာ ခြကိုက်ပျက်စီးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ခြကိုက်ပျက်စီးနေသော ဂရန်မူရင်းတို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာန၏ လုပ်ထုံးလုပ်နည်းအရ အဆင့်ဆင့် စိစစ်ပြီး သတင်းစာကြော်ငြာခဲ့ရာ ကန့်ကွက်မှုမရှိပါသဖြင့် အမှုတွဲအမှတ် ဒဂမ/ဂရန်မိတ္တူ/၂၀၁၇၀၁၂၁၂၄/၂၀၁၇ (၂၁-၇-၂၀၁၇)ဖြင့် ဦးအောင်ဝင်းမှ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲအမှတ် ၁၆၉/၉၄၊ ၁၄-၆-၁၉၉၄ အရ ၂၃-၈-၁၉၉၄ရက်တွင် ထုတ်ပေးထားသော ဂရန်မူရင်းစာအုပ်အား ပယ်ဖျက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**တပ်မတော်အနေနဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိပါးမယ့်အချက်တွေကို လက်မခံဘဲ နိုင်ငံသားအားလုံးရဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးအတွက် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးကို အလေးထားဆောင်ရွက်သွားမှာဖြစ်ကြောင်း ခိုင်ခိုင်မာမာ ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၇-၃-၂၀၂၂

## ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာအနီး၌ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန် စုဝေးရောက်ရှိနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ချေမှုန်းတိုက်ခိုက်

**နေပြည်တော် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် ဒေသခံပြည်သူလူထုများအား လက်နက်ကိုင်အကြမ်းဖက်ခြင်းများဖြင့် ၎င်းတို့အပေါ် ထောက်ခံအားပေးလာစေရန် အကြောက်တရားဖြင့် ခြိမ်းခြောက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်းများနှင့် ၎င်းတို့အပေါ် ထောက်ခံမှုမရှိသူများအား ဒလန်ဟု စွပ်စွဲသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် ဒေသခံပြည်သူလူထုတို့ဘေးကင်းလုံခြုံစွာဖြင့် နေထိုင်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးတာဝန်များကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူလူထုဖြင့် ပူးပေါင်း၍ နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ထီးချိုင့်မြို့နယ်အတွင်းနယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၉ ရက် ညနေ ၆ နာရီခန့်တွင်

*စာမျက်နှာ ၁၈ ကော်လံ ၁* ❋


ယနေ့ သတင်းအညွှန်း

**လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောနေရာသည် စာသင်ကျောင်းများသာ ဖြစ်သည်**



ဆောင်းပါး | စာ - ၆

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဟောင်း ဦးဘိုဘိုငယ်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ**

ပြည်တွင်းသတင်း | စာ - ၁၂

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အကယ်ဒမီများအတွက် လူရွေးပွဲများ ပြုလုပ်နေ**

ပြည်တွင်းသတင်း | စာ - ၁၄

**တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်များ၊ အထည်အလိပ်၊ ဆေးဝါး၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း | စာ - ၂၂




မြန်မာနှင့် ဖိလစ်ပိုင်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ - MFF

## ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ မြန်မာအသင်း နှစ်ပွဲဆက် အနိုင်ရ

**ရန်ကုန် မေ ၁၀**

(၃၁) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) ပွဲစဉ်များကို မေ ၁၀ ရက်က ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နှစ်ပွဲဆက် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် နိုင်ပွဲဆက်ခဲ့သော်လည်း နှစ်ပွဲစလုံး ရှုံးကန်ခဲ့ရပြီး ကျဉ်းမြောင်းသည့် ရလဒ်များဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ သို့သော် တီမော၊ ဖိလစ်ပိုင်အသင်းထံမှ အမှတ်ပြည့်ရယူနိုင်ခဲ့သဖြင့်

*စာမျက်နှာ ၁၄ ကော်လံ ၅* ○